# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ ခိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၂၄)၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် ၊ ၂၄–၁၀–၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

# မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှုလမ်းကြောင်းမှန်ပေါ် တည့်မတ်မြဲမြံခိုင်မာစွာရပ်တည်နိုင်စေရေး အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်



နေပြည်တော် အောက်တိုဘာ ၂၃

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၃ သို့ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့်အဖွဲ့များအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာအညွှန်း


ဆီးချိုရောဂါအမျိုးအစား ၂ ကို သက်သာစေရန် အစားအသောက်ထိန်းချုပ်ခြင်းဖြင့် ကုစားနိုင်

စာမျက်နှာ ၁၈

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအမှတ်ပေးလိဂ်အဆင့်တွင် ရာနှုန်းပြည့်နိုင်ပွဲရယူထားသည့် အက်စတွန်ဗီလာ

စာမျက်နှာ ၂၀


## တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle၊ EV)ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာကြီးရေရှည်တည်တံ့ရန်အတွက် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု စိန်ခေါ်မှုကို ကျော်လွှားနိုင်ရေး နိုင်ငံတကာတွင် ၂၀၅၀ ပြည့်နှစ်၌ ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင်လည်း အခြားနိုင်ငံများနည်းတူ EV ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။ လျှပ်စစ်ကားကို ၁၈၃၂ ခုနှစ်တွင် စတင်တီထွင်ခဲ့ပြီး ၁၈၈၀ ပြည့်နှစ်တွင် လက်တွေ့ကျကျသုံးစွဲလာခဲ့သော်လည်း ဘက်ထရီနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှုများ အားနည်းခဲ့သဖြင့် လျှပ်စစ်ကားသုံးစွဲမှုများ မှေးမှိန်သွားခဲ့ရကြောင်း၊ သို့ဖြစ်၍ ယနေ့ခေတ်တွင် ကမ္ဘာ့စွမ်းအင်အကျပ်အတည်းနှင့် ကာဗွန်ကင်းစင်ရေးပန်းတိုင်ကြောင့် နိုင်ငံတကာ၌ EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာသည်ကို တွေ့ရှိလာရပြီး နိုင်ငံတော်တွင်လည်း သုံးစွဲမှုမြင့်တက်လာပါကြောင်း၊ သင်တန်းတွင် လက်တွေ့ပိုင်းကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ရုံအပြင် အတွေ့အကြုံများကိုပါ မျှဝေဖလှယ်ရန်နှင့် နိုင်ငံတော်က အမှန်တကယ်အားထားရသော အရည်အသွေးပြည့်မီသည့် EV နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် အစိုးရစက်မှု လက်မှုသိပ္ပံ(အင်းစိန်)တွင် ကျင်းပသည့် EV Training of Trainers သင်တန်း (၂/၂၀၂၄)ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် သင်တန်းသားများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး EV Workshop တွင် သင်တန်းသားများ၏ EV အဆင့်မြင့် သင်ထောက်ကူပစ္စည်းများဖြင့် လေ့လာနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ EV သုံးစွဲသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သတ်မှတ်စံနှုန်း၊ ညွှန်ကြားချက်များနှင့်အညီ အသုံးပြုနိုင်ရေး အသိပညာပေးပွဲများအပြင် EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်ပေါ်မူတည်၍ လက်တွေ့ကျသော သင်တန်းများဖွင့်လှစ်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း စားသုံးဆီများကို သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဆီဝယ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးနေ



စားသုံးဆီဝယ်ယူသူများ (အပေါ်ပုံ)

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ နေထိုင်ကြသည့် ပြည်သူများ စားသုံးဆီဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန်အတွက် ဆီဝယ်ယူခွင့်စာအုပ်ဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးလျက်ရှိသည်ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မန္တလေးခရိုင်အတွင်း နေထိုင်ကြသည့် ပြည်သူတစ်ဦးလျှင် တစ်လစာ ဆီ(၇၀ ကျပ်သားနှုန်း)ဖြင့် လည်းကောင်း၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်အတွင်း အိမ်ထောင်စုတစ်စုလျှင် ဆီခွဲတမ်းရရှိမှုပေါ်မူတည်၍ တစ်လစာ(ဆီ ၁ ပိဿာ(သို့)၂ ပိဿာ)ကို ဆီဝယ်ယူခွင့်စာအုပ်ဖြင့် သက်ဆိုင်ရာ ရပ်ကွက်အတွင်းရှိ လက်လီလက်ကားဆိုင်များမှာ ရောင်းချပေးလျက်ရှိသည်။

ဆီဝယ်ယူခွင့် စာအုပ်လျှောက်ထားလိုပါက သက်ဆိုင်ရာမြို့နယ်ရုံးတွင် အိမ်ထောင်စုစာရင်းနှင့် အိမ်ထောင်ဦးစီး၏ မှတ်ပုံတင်ဖြင့် သွားရောက်လျှောက်ထားနိုင်သည်။

အိမ်ထောင်စုစာရင်းထဲရှိ မိသားစုဝင်ဦးရေအလိုက် ဆီဝယ်ယူခွင့်ပမာဏ သတ်မှတ်ပေးထားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက ရပ်ကွက်ထဲမှာ အမှန်တကယ်နေထိုင်မှု ရှိ၊ မရှိ စိစစ်ပြီး သတ်မှတ်ပေးခြင်းဖြစ်ပြီး အခြားမြို့နယ်မှ ပြောင်းရွှေ့နေထိုင်သူများကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ဝယ်ယူနိုင်သည်။

ထို့ပြင် ဌာနဆိုင်ရာများကိုလည်း ဆီလိုအပ်ချက်ပေါ်မူတည်ကာ ဆီဝယ်ယူခွင့်စာအုပ်ဖြင့် ဖြန့်ဖြူးဆောင်ရွက်ပေးနေပါတယ်ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ၂၀၂၄ ခုနှစ် ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွက် တစ်လလျှင် တန်ချိန် (၆၅၅၀)ခွဲဝေချပေးထားခဲ့ပြီး ဆီဖြန့်ဖြူးသည့် ကုမ္ပဏီ(၂၂)ခု၊ လက်ကားကိုယ်စားလှယ် ၄၁ ဦးတို့မှ ခရိုင်အလိုက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

အနေဖြင့် အလေးချိန်မပြည့်ပါက စားသုံးသူရေးရာဦးစီးဌာန၏ Face-book Page မှာ လာရောက်တိုင်ကြားနိုင်ပြီး မန္တလေးတိုင်းဒေသကြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့ကလည်း ဆီအလေးချိန်ပြည့်၊ မပြည့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

(မန္တလေးနေ့စဉ်-၅)




# နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲ ၂၀၂၄ ကျင်းပပြုလုပ်မည်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ Thai Binh ပြည်သူ့ကော်မတီအနေဖြင့် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အတည်ပြုပြီးဖြစ်သည့် ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ် ၂၀၂၄ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Thai Binh မြို့တွင် မြောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသ၊ နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲအား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ပြပွဲသည် မြောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသ၏ လူမှုစီးပွားဘဝအောင်မြင်မှုများကို ပြသနိုင်မည်ဖြစ်သကဲ့သို့ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ဝင်ရောက်ပြသခြင်းဖြင့် ထုတ်ကုန်နှင့် အမှတ်တံဆိပ်များကို မိတ်ဆက်နိုင်ခြင်း၊ မိတ်ဖက်လုပ်ငန်းရှင်များရှာဖွေနိုင်ခြင်း စသည့်အခွင့်အရေးများ ရရှိစေမည်ဖြစ်သည်။

နိုင်ငံတကာစိုက်ပျိုးရေး ကုန်စည်ပြပွဲ (International Agricultural Trade Fair 2024) သို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ E-mail:event.td. myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သိရသည်။

**ရွှေမန်း**

# သရက်မြို့၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက သီရိမင်္ဂလာ အခြေခံမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း ပြောကြားပေးခဲ့ပြီး ဒေါ်နွယ်ဥဝင်း ဒုတိယဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ ပြောကြားပေးခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနရုံးအုပ် ဦးကျော်ရွှေက ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းတို့ကို ပြောကြားပေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**(အောက်ပုံ)ဇော်ထက်(သရက်)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မန္တလေးတိုင်းဒေသကြီး ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

**✪ ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့်ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းတွင် ရှိကြသည့် အကဲဖြတ်အနုပညာရှင်ကြီး ၁၈၀၊ ပြိုင်ပွဲဝင်အနုပညာရှင် ၂၅၈၄ ဦးတို့က တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင် ဆင်နွှဲခဲ့ကြသည့် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အနှစ်သာရရှိရှိဖြင့် ခမ်းနားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ယခု ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလ ရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေး အနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့် ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက် ထုံးတမ်းစဉ်လာများနှင့် မြန်မာ့ လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာ စွမ်းအားများဖြင့် ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်း အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် သမိုင်းအဆက်ဆက်တွင် ယဉ်ကျေးမှု အနုပညာရပ်များကို ဖျော်ဖြေရေးသက်သက်အဖြစ်သာ ရှုမြင်ခံစားခဲ့ကြခြင်း မဟုတ်ဘဲ လူမှုဖွံ့ဖြိုးမှုကို တိုက်ရိုက် အထောက်အကူ ပြုနိုင်သည့် အမျိုးသားရေး အမွေအနှစ်များအဖြစ် အလေးထားပြီး အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်လာခဲ့ကြခြင်း ဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ✪

**❖ ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလ ရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက်ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်**

✪ စာမျက်နှာ ၃ မှ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ရုပ်သေးသဘင်နှင့် ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုများသည် အစဉ်အလာကြီးမားပြီး ခမ်းနားထည်ဝါခဲ့သည့် မြန်မာ့ရုပ်သေးသဘင်နှင့် ဇာတ်သဘင်တို့၏ တန်ဖိုးနှင့် အနှစ်သာရ ပေါ်လွင်အောင် ကြိုးစားဖော်ထုတ် ယှဉ်ပြိုင်တင်ဆက်နိုင်ခဲ့ကြသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ရကြောင်း။

အထူးသဖြင့် ရှေးခေတ်ဂီတစာဆိုကြီးများ သီကုံးစပ်ဆိုခဲ့သည့် တေးဂီတနှင့် သီချင်းများကို မျိုးဆက်သစ် လူငယ်များက စိတ်အားထက်သန်စွာ သီဆိုတီးမှုတ်နေကြသည်ကို တွေ့မြင်ကြားသိရခြင်းသည် အမျိုးသားရေးအားမာန် တက်ကြွစေသည့် မြင်ကွင်းများပင်ဖြစ်ကြောင်း။

**အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြှင့်တင်ပေးနိုင်**

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပြတ် တစ်ဆင့်ပြီးတစ်ဆင့် အရည်အသွေးနှင့် အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာအောင် စနစ်တကျစီမံအားပေး ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ၏ စွမ်းရည်နှင့် တန်ဖိုးကို မျိုးဆက်သစ် လူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ရင်ထဲ၌ စွဲထင်ကိန်းအောင်းလာစေခဲ့ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို တတ်နိုင်သည့်ဘက်က မြှင့်တင်ပေးနိုင်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေး စိတ်ဓာတ် (National Spirit)နှင့် တန်ဖိုးထားမှုစနစ် (Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည် ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါအန္တရာယ်များကို ထိထိရောက်ရောက် ခုခံတွန်းလှန်နိုင်မည့် မျက်နှာစာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်မှ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို ဆက်လက်ပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်တည့်မတ်မြဲမြံနိုင်မှာစွာ ရပ်တည်နိုင်စေရေးအတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြပါဟု အနုပညာရှင်ကြီးများနှင့်အတူ မျိုးဆက်သစ် အနုပညာရှင်များ အားလုံးကို အလေးထား တိုက်တွန်းမှာကြားလိုကြောင်း။ စာမျက်နှာ ၅ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

❖ **နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ် (National Spirit)နှင့် တန်ဖိုးထားမှုစနစ်(Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၏ဇနီး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ရခိုင်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၄ မှ

သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အနုပညာရှင်များ အားလုံးကို မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်နှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာ ကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန် ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုနှင့် ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာအောင် အနုပညာ စွမ်းပကားဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာအကအဖွဲ့များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသမီး)တွင် ဝါသနာရှင်(ပထမတန်း) အဆင့်၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသား)တွင် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ဇနီး မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသမီး)တွင် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း)၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၏ဇနီး ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း)၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၏ဇနီး ခေတ်ဟောင်း / ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အကပြိုင်ပွဲ (အမျိုးသား) ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အကပြိုင်ပွဲ (အမျိုးသား) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ၏ဇနီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၏ဇနီး အကပြိုင်ပွဲ (အမျိုးသမီး) ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ၏ဇနီး အကပြိုင်ပွဲ (အမျိုးသမီး) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရုပ်သေးကြိုးဆွဲပြိုင်ပွဲ (အမျိုးသား) ဝါသနာရှင်အဆင့် (ဒုတိယတန်း) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ကဗျာလွတ်အကပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တွင် ဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ စောင်းအတီးပြိုင်ပွဲ (အမျိုးသား) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

✪ စာမျက်နှာ ၅ မှ

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက မဟာဂီတ အဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်နှင့် ဝါသနာရှင်(ဒုတိယတန်း) အဆင့်တို့၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီးနှင့် ကောင်စီဝင်များ၏ ဇနီးများက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၈ သို့ ✪



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် စန္ဒရားအတီးပြိုင်ပွဲ (အမျိုးသား) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် စောင်းအတီးပြိုင်ပွဲ (အမျိုးသမီး) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



**ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆိုကြစဉ်။

❖ စာမျက်နှာ ၂၄ မှ

ယခုပြိုင်ပွဲကြီးများကို နှစ်စဉ်အစဉ်အလာမပျက် အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပိုမိုပြည့်စုံပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်စေရေးနှင့် ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ တိုးတက်အကောင်အထည်ပေါ်လာစေရေး အလေးထားကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီးများတွင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကို နိုင်ငံတော်၏ကိုယ်စား အလေးအနက်ထား ပြောကြားလိုကြောင်း။

**အမျိုးသားယဉ်ကျေးမှု ခိုင်မာတောင့်တင်းနေရန်လိုအပ်**

မိမိတို့အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန် လိုအပ်ကြောင်း၊ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကို ယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှု အသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည် ဖြစ်ကြောင်း။

ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ် လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိကြောင်း။

မြန်မာ့အနုပညာသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ခေတ်အဆက်ဆက် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများ၏ ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားများကြောင့် ယနေ့သက်ရှိထင်ရှားရှိနေကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများသည် အဖိုးထိုက်တန်သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများအဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

**ပိုမိုခိုင်ခံ့ဝင့်ကြွားတန်ဖိုးကြီးမားလာစေအောင် ပြုစုပျိုးထောင်**

ထို့ကြောင့် ဝါရင့်သမ္မာရင့်အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့ကြသည့် ဆရာသခင်အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်း၊ အလေ့အကျင့်ကောင်းများကဲ့သို့ အမွေခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီးများကို ပိုမိုခိုင်ခံ့ဝင့်ကြွားတန်ဖိုးကြီးမားလာစေအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သားမျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေ လက်ဆင့်ကမ်းပေးကြပါရန် တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း။

ယခု ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာအတွက် ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေပြီး နိုင်ငံနှင့်လူမျိုး၏အကျိုးကို ထမ်းရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သတိုက်တွန်းလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၈ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံးပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**✻ ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိ**

**✻ ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာအတွက် ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

❖ စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထား၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာသံစုံတီးဝိုင်း ဂီတမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်၊ အဆိုပြိုင်ပွဲ၌ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် အသက်အကြီးဆုံးပြိုင်ပွဲဝင် ဦးတင်အုန်း၊ အကပြိုင်ပွဲ ၌ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အသက်အငယ်ဆုံးပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေး၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ကူညီပံ့ပိုးသူ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် စည်သူဒေါ်ထားကကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အတူတကွ သုံးဆောင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

**ဂုဏ်ပြုပန်းခြင်းပေးအပ်**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

✪ စာမျက်နှာ ၆ မှ

ဆက်လက်၍ ကောင်စီဝင်များက ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ဇနီးများက ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ၁၅ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မသွန်းဝတီထွဋ်က "မြန်မာ့ဂီတလှပဝေဆာ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ ဇနီးများက အကပြိုင်ပွဲ (အမျိုးသား) (အမျိုးသမီး) တွင် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ပါဝင်ယှဉ်ပြိုင်သူ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မောင်ဟိန်းလင်းမာန်သွေးက ကပြဖျော်ဖြေသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ ဂုဏ်ပြုဆုများ ပေးအပ်စဉ် အရေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်အပြီး၌ အရေးပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြေမြင့်မိုရ်က "လူငယ်အားမာန်အမြဲရှင်သန်" တေးသီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်အပြီး၌ အတီး (ဒုံမင်း) ပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ရွှေတံဆိပ်ဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင်က "ရွှေမင်းဂံ" သီချင်းဖြင့်လည်းကောင်း သီဆိုတီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ ထူးချွန်ဆု၊ ဆိုင်ငိုပြောအဖွဲ့ထူးချွန်ဆု၊ ပံ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဇနက ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အဖွဲ့များနှင့် ဇာတ်သရုပ်ဆောင် ထူးချွန်ဆုရရှိသူများ၊ နှစ်ပါးသွား ထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာ ထူးချွန်ဆုနှင့် ပံ့ပိုးဆိုင်းအဖွဲ့ ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဓနသဟာယနိုင်ငံခေါင်းဆောင်များ ညီလာခံတက်ရန် ဆာမိုအာကျွန်းသို့ အောက်တိုဘာ ၂၃ ရက်က ရောက်ရှိလာသော ဗြိတိန်ဘုရင်ချားလ်စ်နှင့် မိဖုရားကမီလာတို့နှစ်ဦးအား ဆာမိုအာ ဝန်ကြီးချုပ် ကြိုဆိုနှုတ်ခွန်းဆက်စဉ်။ Mon

## အသက် ၆၇ နှစ်အရွယ် ဗိုလ်ချုပ်ကြီးလူအုံကျုံးကို ဗီယက်နမ်ပါလီမန်က သမ္မတအဖြစ် တင်မြှောက်



**ဟနွိုင်း အောက်တိုဘာ ၂၃**

အသက် ၆၇ နှစ်အရွယ် ဗိုလ်ချုပ်ကြီးလူအုံကျုံးကို ဗီယက်နမ်ပါလီမန်က အောက်တိုဘာ ၂၂ ရက်တွင် သမ္မတအဖြစ်တင်မြှောက်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မေလကသမ္မတအဖြစ် ခန့်အပ်ခြင်းခံရသောတူလမ်၏ နေရာတွင် ၎င်းတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ဗီယက်နမ်တပ်မတော်တွင် နှစ် ၄၀ ကျော်တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး လူအုံကျုံးသည် ကွန်မြူနစ်ပါတီတွင် အဆင့်လေးနေရာမှ နိုင်ငံတော် သမ္မတအဖြစ် ခန့်အပ်ခံရခြင်း ဖြစ်ရာ ဗီယက်နမ်အစိုးရဝန်ကြီး များလည်း အနည်းနှင့်အများ အပြောင်းအလဲရှိလာနိုင်သည်ဟု အာရှရေးရာ စောင့်ကြည့်လေ့လာသူများက သုံးသပ်သည်။

သမ္မတဟောင်းတူလမ်သည် ရဲချုပ်ဘဝမှ သမ္မတဖြစ်လာခဲ့ပြီးနောက် ဗီယက်နမ်သမ္မတတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်ဟု ပြည်တွင်းသတင်းမီဒီယာများက ဖော်ပြကြောင်း သိရသည်။

Mon

## ဆာကီယာစတာမာ ဦးဆောင်သော အလုပ်သမားပါတီက ရွေးကောက်ပွဲကိစ္စ ဝင်ရောက်စွက်ဖက်သည်ဟု ထရမ့်စွပ်စွဲ



**ဝါရှင်တန် အောက်တိုဘာ ၂၃**

ဗြိတိန်နိုင်ငံမှ ဆာကီယာစတာမာ ဦးဆောင်သော လက်ရှိ အာဏာရအလုပ်သမားပါတီက အမေရိကန်သမ္မတရွေးကောက်ပွဲကိစ္စ ဝင်ရောက်စွက်ဖက်သည်ဟု အောက်တိုဘာ ၂၂ ရက်တွင် ဒေါ်နယ်လ်ထရမ့်စွပ်စွဲလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗြိုင်ဘက်ဒီမိုကရက်တစ် သမ္မတလောင်း ကာမာလာဟဲရစ်ဘက်မှ မဲဆွယ်စည်းရုံးပေးရန် အလုပ်သမားပါတီက စီစဉ်ခဲ့ကြောင်း ထရမ့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ တိုင်စာပို့ခဲ့သည်။

နိုင်ငံရေးလှုပ်ရှားသူများ အမေရိကန်ပြည်ထောင်စုသို့ သွားခဲ့သော်လည်း မိမိတို့ပါတီက ငွေကြေးမထောက်ပံ့ခဲ့ဟု အလုပ်သမားပါတီပြောခွင့်ရသူက ရှင်းပြကြောင်းသိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နေရောင်ခြည်စွမ်းအင်သုံး ရေပေါ်ရွှေ့လျားလူနေအိမ် မိုင်ယာမီအခြေစိုက် အာကုကုမ္ပဏီ မိတ်ဆက်ပြသမည်





**ဝါရှင်တန် အောက်တိုဘာ ၂၃**

နေရောင်ခြည်စွမ်းအင်သုံး ရေပေါ်ရွှေ့လျားလူနေအိမ်တစ်မျိုးကို အမေရိကန်ပြည်ထောင်စု မိုင်ယာမီအခြေစိုက် အာကုကုမ္ပဏီက ယခုလနှောင်းပိုင်းတွင် မိတ်ဆက်ပြသမည်ဖြစ်ကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

ဖို့လော်ဒါဒေးလ်အပြည်ပြည်ဆိုင်ရာလှေပြပွဲတွင် အဆိုပါ ရေပေါ်ရွှေ့လျားလူနေအိမ်ကို ပြသရန်စီစဉ်ထားကြောင်း ကုမ္ပဏီပြောခွင့်ရသူက ရှင်းပြသည်။

၎င်းကို အိပ်ခန်းနှစ်ခန်းပါသည့် ဇိမ်ခံလူနေအိမ်တစ်လုံးသဖွယ်ရှုမြင်နိုင်သကဲ့သို့ ဇိမ်ခံရွက်လှေတစ်စင်းအဖြစ်လည်း ခံစားနိုင်မည်ဟုဆိုသည်။

၂၀၁၆ ခုနှစ်တွင် မိုင်ယာမီမြို့၌ စတင်တည်ထောင်ခဲ့သော အာကုကုမ္ပဏီသည် ၂၀၁၇ ခုနှစ်ကတည်းက ခေတ်မီဆန်းသစ်သော ရေပေါ်နေအိမ်များဖြင့် တစ်ကမ္ဘာလုံးကိုဖမ်းစားနိုင်ခဲ့သည်။

ယခုမိတ်ဆက်ပြသမည်ဆိုသော နောက်ဆုံးပေါ်ရေပေါ်ရွှေ့လျားနေအိမ်မှာမူ နေရောင်ခြည်စွမ်းအင်သုံး ဇိမ်ခံရွက်လှေဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon



## ကျောက်တုံးကြီးနှစ်တုံးအကြား ပိတ်မိနေသူကို ဩစတြေးလျ ကယ်ဆယ်ရေးသမားများ ကယ်တင်

**ကင်ဘာရာ အောက်တိုဘာ ၂၃**

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်အတွင်း မကြာသေးမီက ကျောက်တုံးကြီးနှစ်တုံးအကြား ပိတ်မိနေသူကို ဒေသခံကယ်ဆယ်ရေးသမားများ ခဲခဲယဉ်းယဉ်း ကယ်တင်ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မုဆိုးချိုင့်ဝှမ်းလွင်ပြင်သို့ သူငယ်ချင်းများနှင့်အတူ အလည်အပတ်သွားစဉ် ကျောက်တုံးကြီးနှစ်တုံးအကြား လက်ကိုင်ဖုန်းပြုတ်ကျသွားသဖြင့် ကောက်ယူရန်ကြိုးစားရင်း ပြန်ထွက်မရတော့ဘဲ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပိတ်မိနေခဲ့သော အမျိုးသမီးသည် ကယ်ဆယ်ရေးသမားများရောက်မလာမီ ၁ နာရီ ကျော်သည်အထိ ဇောက်ထိုးပုံစံဖြင့် စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

Mon

## မက္ကဆီကိုစစ်သည်များ၏ နှိမ်နင်းတိုက်ခိုက်မှုကြောင့် ဆီနာလိုအာ ဒုစရိုက်ဂိုဏ်းသား ၁၉ ဦး သေဆုံး

**မက္ကဆီကိုစီးတီး**
**အောက်တိုဘာ ၂၃**

မက္ကဆီကိုစစ်သည်များ၏ နှိမ်နင်းတိုက်ခိုက်မှုကြောင့် ဆီနာလိုအာ ဒုစရိုက်ဂိုဏ်းသားဟု ယူဆရသူ ၁၉ ဦး အောက်တိုဘာ ၂၂ ရက်က သေဆုံးခဲ့ရကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၂၁ ရက်က ဆီနာလိုအာပြည်နယ်၊ မြို့တော်ကူလီယာကန်မြို့၌ ထိုဒုစရိုက်ဂိုဏ်းမှ သေနတ်သမား ၃၀ ကျော်တို့က အစိုးရစစ်သည်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

စစ်သည်များက တုံ့ပြန်တိုက်ခိုက်ရာမှ အပြန်အလှန်ပစ်ခတ်မှုတွင် စစ်သည်အချို့ ဒဏ်ရာရရှိပြီး သေနတ်သမားအချို့သေဆုံးခဲ့သည်။

ဆီနာလိုအာ ဒုစရိုက်ဂိုဏ်းပူးတွဲတည်ထောင်သူ အစ္စမေးလ်ဇမ်ဘာဒါ အဖမ်းခံခဲ့ရသည်ကို မကျေနပ်သဖြင့် အဆိုပါသေနတ်သမားများက မက္ကဆီကိုစစ်သည်များကို ရန်ပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်မည်ဟု ယူဆကြသည်။

ဆီနာလိုအာပြည်နယ်တစ်ဝန်းလုံးတွင် ထိုဒုစရိုက်ဂိုဏ်းမှ ဂိုဏ်းသားများ အချင်းချင်းသာမက အခြားလူဆိုးလူမိုက်များနှင့်လည်း ရန်ပြုတိုက်ခိုက်ရာမှ ၎င်းတို့က ရဲတပ်ဖွဲ့ဝင်များကို ဆက်လက်ဦးတည်တိုက်ခိုက်လာခဲ့ကြောင်း သိရသည်။

Mon





## အိန္ဒိယနိုင်ငံတွင် ဂြိုဟ်တုအင်တာနက်တပ်ဆင်ရေးကိစ္စ အီလွန်မတ်စ်နှင့် မူကက်ရှ်အမ်ဘာနီ ထိပ်တိုက်တွေ့နေ

**ဒေလီ အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံတွင် ဂြိုဟ်တုအင်တာနက်တပ်ဆင်ရေးကိစ္စနှင့် ပတ်သက်၍ ကမ္ဘာ့အချမ်းသာဆုံးသူဌေးစာရင်းဝင် အီလွန်မတ်စ်နှင့်မူကက်ရှ်အမ်ဘာနီတို့နှစ်ဦး ထိပ်တိုက်တွေ့နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂြိုဟ်တုအင်တာနက် တပ်ဆင်ရေးအတွက် ဈေးပြိုင်စနစ်ဖြင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ယခင်အပတ်က အိန္ဒိယအစိုးရ ဖိတ်ခေါ်ကြေညာခဲ့သည်။

အီလွန်မတ်စ်အနေဖြင့် လက်ရှိ စတားလင့်ခ်ဂြိုဟ်တုပေါင်း ၆၄၁၉ လုံး လွှတ်တင်ထားပြီး ၎င်း၏ စတားလင့်ခ်ဂြိုဟ်တုအင်တာနက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ရှိ လူဦးရေ ၄ သန်းချိတ်ဆက်အသုံးပြုနိုင်အောင် လုပ်ငန်းကို ချဲ့ထွင်ထားပြီးဖြစ်သည်။

မူကက်ရှ်အမ်ဘာနီသည်လည်း အိန္ဒိယအခြေစိုက် ရဇီးလီယန့်စ်ဆက်သွယ်ရေး ကုမ္ပဏီတည်ထောင်ကာ ဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုပေးနိုင်ရန် ကြံစည်အားထုတ်လျက်ရှိသည်။

၎င်းတို့နှစ်ဦးဈေးပြိုင်ခေါ်ယူမှု၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် အိန္ဒိယအစိုးရက အမ်ဘာနီကိုသာ အနိုင်ပေးဖွယ်ရှိသည်ဟု အီလွန်မတ်စ်က ဝေဖန်ပြောဆိုကြောင်း သိရသည်။

Mon

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော သိဒ္ဓိထွန်းအမှတ်တံဆိပ် အမျိုးသားအားဆေး၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် သက်စောင့်အားတိုးဆေးနှင့် ဆောင်တော်ကူးအမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေးတို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | သိဒ္ဓိထွန်း | အမျိုးသား အားဆေး | ဆေးမှုန့် | ဇီဝသိဒ္ဓိတိုင်းရင်းဆေးတိုက် အမှတ် ၆၂၊ ၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၂။ | ဂုဏ်မာန် တစ်ထောင် | သက်စောင့် အားတိုးဆေး | ဆေးမှုန့် | သမားဒေဝါဆေးတိုက် အမှတ် ၁၆၅၊ ပထမထပ်၊ ဗညားဒလ လမ်းမကြီး၊ ၁၁၉ စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇန ပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | Sildenafil |
| ၃။ | ဆောင်တော်ကူး | အမျိုးသားအကြော အားတိုးဆေး | ဆေးမှုန့် | အမှတ်၇၆၈၊သပြေလမ်း၊ (၈) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |



Sildenafil ရောနှောသည့် ဆေးထုပ်နမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအဆေတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**တည်ဆဲဥပဒေများအရ အရေးယူခံရမည်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thet Wai Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်နေ သက်ဖူးဝေ(ခ)သက်ဝေဖြိုးအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ ပတ်ကုန်းပျော်ဘွယ် ရပ်ကွက်၊ ၆၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ဈေးဆိုင်ခန်းတွင် လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ယနေ့ နံနက် ၇နာရီခန့်က ဖြစ်ပွားခဲ့ သည်။ **(အပေါ်ပုံ)**

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၂၀ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ဦးသည် မီးငြိမ်းသတ်ယာဉ် ၇စီး၊ မီးသတ်ရေသယ်ယာဉ် ၂စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ဈေးဆိုင်ခန်း အတွင်းရှိ ပစ္စည်းများမီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူအား အမှတ်(၃)နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)(ဝ၅၇)**



## ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း မရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဘုတလင်မြို့နယ် စီပါကျေးရွာမှ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ကို အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံပိုင် သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်သည့် ရက်စက်စွာသတ်ဖြတ်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်သည့် သတင်းမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လမ်းဆုံတွင် ကားနှင့်ဆိုင်ကယ်တိုက်မိမှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ရတနာဘုမ္မိအနောက် ရပ်ကွက်၊ ၃၇လမ်းနှင့်၈၄လမ်း ထောင့်လမ်းဆုံတွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိပြီး အမျိုးသားနှင့်အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိမှု အောက်တိုဘာ ၂၁ရက် ည၉နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့သည် ၈၄လမ်း အတိုင်းမောင်းနှင်လာစဉ် မတော်တဆဖြစ်ကာ တိုက်မိခဲ့ပြီး ယာဉ်ရှေ့ခြမ်း ကြေမွပျက်စီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားမှုကို အုပ်ချုပ်ရေးအဖွဲ့နှင့် မဏိစလ လူမှုကူညီရေးအသင်းတို့သည် သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူများအား မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်းသိရသည်။**(ဝ၅၇)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး အောင်နိုင်မှုရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၂၃**

နေပြည်တော်တွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး အောင်နိုင်မှုရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က မြန်မာ့အားကစား တိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်ရေးရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး အောင်နိုင်ရေးရရှိရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်း၍ တာဝန်များပေးထားပြီးဖြစ်ရာ ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက် အားသာချက်များအပေါ် သုံးသပ်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ အောင်နိုင်မှုရရှိရေး၊ နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




၄င်းနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးနေလင်းအောင်က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းထားရှိမှု၊ အားကစားနည်း ၂၄ နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများမှအားကစားသမား ၄၅၀ ဦး အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှု၊ ဘဏ္ဍာရန်ပုံငွေ သုံးစွဲမည့် အခြေအနေများနှင့် လုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင်များမှ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ချမ်းမြသာစည်မြို့နယ်အတွင်း မြို့ပတ်ကမ်းနားလမ်းမကြီး လမ်းပိုင်းတစ်လျှောက် အထူးသန့်ရှင်းရေးလုပ်ငန်းစုပေါင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၁)ဦးမြင့်ဦး ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်အတွင်း မြို့ပတ်ကမ်းနားလမ်းမကြီးလမ်းပိုင်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ အထူး သန့်ရှင်းရေးလုပ်ငန်းစုပေါင်းဆောင်ရွက်နေမှုကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၄၁ လမ်း ကုန်စိမ်းဈေးမှ အမရပူရမြို့နယ် ရှမ်းကလေးကျွန်းရွာအထိ ကမ်းနားလမ်းမကြီးဘေး ဝဲ၊ ယာ၌ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းနေမှု အခြေအနေနှင့် လမ်းလယ်ကျွန်းတစ်လျှောက်ရှိ အပင်များအား အပင်ပုံသွင်းစက်ဖြင့် အကိုင်းအခက်များအား ကိုင်းညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က အပင်များ လုံးဝန်းညီညာလှပနေအောင် ပုံသွင်းရာတွင် သတ်မှတ်ထားသည့် ပုံစံအတိုင်းတိတိကျကျဆောင်ရွက်ကြရန်၊ လုပ်ငန်းသုံးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သူများ လေ့ကျင့်ပေးထားရန် အပင်ပုံသွင်းစက်နှင့် လူ့အင်အား ထပ်မံဖွဲ့စည်းဖြည့်တင်းဆောင်ရွက်ကြရန်တို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားပြီးနောက် လမ်းဘေးဝဲ၊ ယာရှိ ချုံနွယ်ပေါင်းမြက်များအား သန့်ရှင်းရေးဌာန လုပ်သားများက မြက်ဖြတ်စက်များ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှု အမှိုက်သိမ်းကားများဖြင့် အမှိုက်များသိမ်းဆည်း ရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ်၊ ဦးပိန်တံတားတောင်သမန်လွင်ပြင်သို့ ရောက်ရှိကြပြီး သန့်ရှင်းသာယာလှပရေးနှင့် မယ်ဇယ်(မည်စည်)ပင် တန်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ဦးပိန်တံတားသို့အဝင် တောင်သမန်ငှက်လှေဆိပ်အသင်းသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာ အခြေအနေများ မေးမြန်းခဲ့ပြီးနောက် ပြည်တွင်း၊ ပြည်ပခရီးသည်များ အမြဲလာရောက်နေသည့် တောင်သမန်အင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပနေအောင် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံ၏ အထင်ကရ နေရာတစ်ခုဖြစ်သည့်အတွက် အမြဲတမ်းပတ်ဝန်းကျင်ဥပမိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပစေရန် ဂရုစိုက်ဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။





ထို့နောက် အဆိုပါအဝင်ပေါက်မှ ဦးပိန်တံတားအထိ အဝင်လမ်းမှ မော်တော်ယာဉ်များ ဝင်ရောက်နေခြင်းအား သတ်မှတ်ထားသည့် မယ်ဇယ်ပင်တန်းဆိုင်ခန်းများအနီးရှိ ယာဉ်ရပ်နားရန်နေရာ(Car Parking)တွင် ဝင်ရောက်အပ်နှံနိုင်ရေးအတွက် အဝင်လမ်း၊ အထွက်လမ်းသတ်မှတ်ဆောင်ရွက်ရန်၊ တံတားအောက်ခြေဆင်း၍ ကားများကားရပ်နားရန်နေရာသို့ မသွားဘဲ စည်းကမ်းမဲ့ သတ်မှတ်နေရာမဟုတ်ဘဲ ရပ်တန့်ခြင်းကြောင့် အသစ်ဖွင့်လှစ်ထားသည့် ဈေးဆိုင်များ၊ စားသောက်ဆိုင်တန်းများတွင် လူဝင်ရောက်မှု နည်းပါးသည့် ကိစ္စရပ်အား မယ်ဇယ်(မည်စည်)တန်းလွင်ပြင် စည်ကားရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



ထို့ပြင် မယ်ဇယ်(မည်စည်)တန်းတစ်လျှောက် ရေကျချိန်ဖြစ်၍ ပြန်လည်၍ သာယာလှပရေးဆေးသုတ်မွမ်းမံ ပြုပြင်ဆောင်ရွက်ရန်၊ ဗေဒါများရှင်းရန် မြက်ခင်းများ ပြန်လည်စိုက်ပျိုးပေးရန် စသည့်ပြုပြင်ရမည့်လုပ်ငန်းများ၊ ကားများတံတားအခြေဝင်ရောက်မှုမရှိရန် ဂိတ်တံခါးပြုလုပ်ရန်၊ တံတားကြီးအားရေနံချေးပြန် လည်သုတ်ပေးရန်၊ ပန်းအလှပင်များ ပြန်လည်စိုက်ပျိုးပေးရန်၊ ပြည်သူလူထုနားနေထိုင်ခုံများစနစ်တကျ ပြန်လည်ပြုပြင်ထားရှိရန် ကိစ္စရပ်များကိုလည်း စီစဉ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်




**မန္တလေး အောက်တိုဘာ ၂၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေနန်းတော်ကျောင်း(မန္တလေး)၊ မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်တန်းများ ပြုပြင်မွမ်းမံခြင်းနှင့် နန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံတားပြန်လည် တည်ဆောက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှညွှန်ကြားရေးမှူး၊ နှီးနွှယ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရှေးဟောင်းသမိုင်းဝင်သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုပါ ထည့်သွင်းတွက်ချက်ကာ စနစ်တကျကြပ်မတ်ဆောင်ရွက်ရေးတို့ကို ပြောကြားသည်။

၎င်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ရွှေနန်းတော်ကျောင်း(မန္တလေး)နှင့် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်တန်းများ ပြုပြင်မွမ်းမံမည့်လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ အမှတ်(၉၅၁)ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)မှ တပ်မှူး ဗိုလ်မှူးပြည့်ဖြိုးအောင်က စည်ရှည်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နှီးနွှယ်ဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်ကဏ္ဍများအလိုက် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးမြို့အတွင်းရှိ ချောင်းကြီးမြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး(၆)မြို့နယ် သန့်ရှင်းသာယာရေးစီမံချက်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီးမြောင်းကြီးများ ရေစီးရေလာ ကောင်းမွန်ရေး၊ ရေအရည်အသွေးကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် သန့်ရှင်းသာယာလှပရေးစီမံချက်ဖြင့် ၇၃ လမ်း၊ ဘိုးဘွားရိပ်သာနှင့် တိုင်းရင်းဆေးတက္ကသိုလ်ကြားတွင် လုပ်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် ပါတ်ကုန်းဝန်းကျင်ရပ်ကွက်ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၇၁ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့်အမှိုက်များကို လုပ်သားများက ၂၉ လမ်းနှင့် လမ်း ၃၀ကြားဆယ်ယူရှင်းလင်းခြင်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၅ လမ်းမြောက်ဘက်ခြမ်း မြောင်းများအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၆၂ လမ်းနှင့် ၆၃ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့်ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို CAT-ဝိုးဘက်ဟိုးစက်အသုံးပြု၍ ၆၇ လမ်းနှင့် ၆၈ လမ်းကြားဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ၆၄ လမ်းနှင့် ၂၉ လမ်းတံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် သန့်ရှင်းသာယာရေးစီမံချက်ဖြင့် ၄၁ လမ်း၊ ၅၆ လမ်းနှင့် ၅၉ လမ်းကြားတွင် လုပ်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် မြို့သစ်(၅)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၅ လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ၁၁၁ လမ်းနှင့် ၁၁၂ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ပြည်ကြီးတံခွန်မြို့နယ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၁ လမ်းမြောင်းအတွင်းမှ မြောင်းစာနှင့်အမှိုက်များကို လုပ်သားများက ၁၃၀ လမ်းနှင့်၁၃၁လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၁၃၁ လမ်းမြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၃ လမ်းနှင့် ၅၄ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ အမရပူရမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် အိုးတော်ရပ်ကွက်ရေစီးရေလာကောင်းမွန်ရေးအတွက် စစ်ကိုင်း-မန္တလေးလမ်း၊ ဦးကြင်စတိုးဆိုင်ရှေ့မြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်း ဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် မြောင်းစာအမှိုက်များကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များအလိုက် ရပ်ကွက်များတွင် သန့်ရှင်းသာယာရေးစီမံချက်ချမှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်အရ သက်ဆိုင်ရာမြို့နယ်သန့်ရှင်းရေးဌာနသို့တင်ပြလာပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

# မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အထက(၁၁)တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းကွင်းပြင်၌ ကျင်းပပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာလှလှဝင်းနှင့် ဆရာ၊ ဆရာမများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီ၊ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေး၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက လူငယ်နှင့်အားကစားအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်နှင့်ဆိုရှယ်မီဒီယာအကြောင်းကိုလည်းကောင်း၊ အသီးသီးပညာပေးဟောပြောကြပြီး၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာလှလှဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနား မစတင်မီနှင့်အခမ်းအနားအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(ဝ၉၃)**

# အပတ်စဉ်အင်္ဂါနေ့တိုင်း မြို့တွင်း အဓိကလမ်းမကြီးများ ဘေးဝဲ၊ ယာ သန့်ရှင်း၊ သပ်ရပ်သာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများ လိုက်ပါကာ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အပတ်စဉ် အင်္ဂါနေ့တိုင်းမြို့တွင်း အဓိကလမ်းမကြီးများ ဘေးဝဲ၊ ယာသန့်ရှင်း၊ သပ်ရပ်သာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့တော်စည်ပင်ဌာနများ စုပေါင်း၍ မြို့နယ်အလိုက်သတ်မှတ်နေရာ အသီးသီးတွင် အထူးသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ၆၂ လမ်း(မနော်ရမ္မ)ညဈေးမျက်နှာစာ(၁၂)ပေ အကျယ်ပလက်ဖောင်းတစ်လျှောက် ပန်းခုံများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပန်းခုံအပိုင်းများတွင် သဲဖို့ပြီး ဘဲစားမြက်များ စိုက်ပျိုးပေးရန်၊ မနော်ရမ္မကွင်းအတွင်းရှိ မြို့တော်ညဈေးအဝင်၊ အထွက်ပေါက်နေရာများတွင် တံခါးတပ်ဆင်ပေးပါရန် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်၍ ၅၇ လမ်းမှ ၆၂ လမ်းအထိ ၄၁ လမ်းတစ်လျှောက် အထူးသန့်ရှင်းရေးလုပ်ငန်း စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ၅၇ လမ်းနှင့် ၅၈ လမ်းကြား ၄၁ လမ်း၏ မြောက်ဘက်ခြမ်း၌ ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဌာန မြောင်းဆယ်လုပ်သားများက မြောင်းစာ၊ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ လမ်းပေါ်သို့ မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများအား ကရိန်းကားသစ်ပင်ဖြတ်စက်အသုံးပြု၍ အလင်းဖွင့်ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ပြီး မြို့တော်ဝန်က မြို့တော်နေပြည်သူများ အနေဖြင့် မိမိတို့နေအိမ်မျက်နှာစာတွင် သန့်ရှင်းသပ်ရပ်မှုရှိအောင် ပြုပြင်ထိန်းသိမ်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုး၍ မိမိအိမ်ရှေ့ သာယာလှပနေအောင် စိုက်ပျိုးရေးကိစ္စအပါအဝင် မိမိဝင်းခြံများ ဆေးရောင်မရှိပါက ဆေးသုတ်လုပ်ငန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် မြို့တော်အတွင်း နေအိမ်အဆောက်အအုံအသစ် ဆောက်လုပ်ရေးလုပ်ငန်းသုံးကုမ္ပဏီများ အနေဖြင့်လုပ်ငန်းသုံးပစ္စည်းများ စုပုံချထားမှုကြောင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းအပေါ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် နယ်မြေတာဝန်ခံအင်ဂျင်နီယာများအနေဖြင့် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးကန်တော်ကြီးပတ်လမ်းတစ်လျှောက် သာယာလှပရေးအတွက် ဘေးဝဲ၊ ယာရှိ သက်တမ်းရင့် အပင်ကြီးများ၏ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်းများအား ကရိန်းကား၊ သစ်ပင်ဖြတ်စက်များ အသုံးပြု၍ အလင်းဖွင့်ခြင်းလုပ်ငန်း၊ ဘေး ဝဲ၊ ယာချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများအား ကန်တော်ကြီး အနောက်ခြမ်း ဓီပိတဒါနသံဃာ့ဆေးရုံကြီး မျက်နှာစာအရှေ့၌ ဆောင်ရွက်နေမှုနှင့် ဘေးဝဲ၊ ယာအပင်များအား အောက်ခြေမှ အမြင့်(၁၀)ပေခန့် တစ်ညီတည်းဖြစ်နေစေရန် အကိုင်းအခက်များ ရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်းမှ ၁၁၅ လမ်းအထိ ၆၄-စီ လမ်းတစ်လျှောက်ရေနုတ်မြောင်းအား စက်ယန္တရားဖြင့် မြောင်းဆယ်ယူခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အဆိုပါ မြောင်းနှင့် ဆက်စပ်လျက်ရှိသော ချမ်းမြသာစည်မြို့နယ်ရေဆိုးစုကန်အတွင်းမှ ရေများအား ကိုလံဘိုမြောင်းမကြီးအတွင်းသို့ ပို့လွှတ်မှုလမ်းကြောင်း အခြေအနေကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရေဆိုးစုကန်အတွင်းမှ ရေများ ပြည့်လာပါက စက်ရုံမှ ရေစုပ်မော်တာများ စုပ်ထုတ်၍ ပိုက်လိုင်းဖြင့် (၆၄-စီ) လမ်းမြောင်းအတွင်းသို့ ရေစီးမြောင်းတစ်ခု တိုးချဲ့၍ အရှေ့ဘက်ခြမ်းမှ လက်ရှိရေနုတ်မြောင်းအား (၄)ပေ အကျယ်ထပ်မံပြုပြင် ဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ်တွက်ချက်တင်ပြ၍ အမြန်ဆုံး တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ဟောင်ကောင်လက်ရွေးစင်အမျိုးသမီးအသင်းအား ဂိုးပြတ်အနိုင်ရယူ



**ရန်ကုန် အောက်တိုဘာ ၂၃**

FIFA International "A" Women Friendly Match ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃နာရီ ၃၀မိနစ်က ရန်ကုန်မြို့သုဝဏ္ဏဘောလုံးကွင်းတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ခင်မာလာထွန်း၊ ပွဲချိန် ၅၂မိနစ်တွင် စန်းသော်သော်၊ ပွဲချိန် ၇၈ မိနစ်တွင် ရွှေရည်ထွန်း၊ ပွဲချိန် (၉၀+၁)မိနစ်တွင် ဝင်းသီဂီထွန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် FIFA International "A" Women Friendly Match ခြေစမ်းပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၆ရက်တွင် ဟောင်ကောင်လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ရန်ကုန်မြို့ YUSC ကွင်းတွင် ထပ်မံ ယှဉ်ပြိုင်ကစားသွားဦးမည်ဖြစ်သည်။ **(NGB)**

## ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၃

၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်) သောကြာနေ့သည် "ဒီပါဝလီ" နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၅/၂၀၂၄ ဖြင့် ကြေညာထားသည်။

သတင်းစဉ်

## ဆေးတက္ကသိုလ်(မန္တလေး) စာပေနှင့်အနုပညာအသင်း အနုပညာပျိုးခင်း နံရံကပ်စာစောင်ပြပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၂၃**

ဆေးတက္ကသိုလ်(မန္တလေး)၊ စာပေနှင့် အနုပညာအသင်း၏ ပထမအကြိမ် အနုပညာပျိုးခင်း နံရံကပ်စာစောင်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက် ၉နာရီက အဆိုပါ ဆေးတက္ကသိုလ် ဆင်ဝင်အောက်တွင် ကျင်းပရာ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာမျိုးသက်တင်၊ စာပေနှင့်အနုပညာအသင်း ဥက္ကဋ္ဌ၊ ဆေးဝါးဗေဒဌာန၊ပါမောက္ခဌာနမှူးဒေါက်တာနွယ်နွယ်သန်းနှင့် ပါမောက္ခ၊ဌာနမှူးများ၊ စာပေနှင့်အနုပညာအသင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စာပေနှင့်အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာနွယ်နွယ်သန်း၊ အတွင်းရေးမှူးများဖြစ်ကြသော မောင်ထက်ဖြိုးအောင်၊ မဝင်းလဲ့လဲ့မောင်တို့က နံရံကပ်စာစောင်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက အနုပညာပျိုးခင်း နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အနုပညာပျိုးခင်း နံရံကပ်စာစောင်ပြပွဲတွင် ကာတွန်း ၉ပုဒ်၊ဆောင်းပါး(၇)ပုဒ်၊စာညွှန့် ၁ ပုဒ်၊ ကဗျာအပုဒ် ၂၀နှင့် ဝတ္ထုတို ၅ပုဒ်၊ စုစုပေါင်း ၃၈ပုဒ်ကို စာမူရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ကာ ပြသထားခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၉၃)**

## မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲများကျင်းပပြုလုပ်

**ကျောက်ဆည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၂၂ရက် နံနက် ၉နာရီက ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာစကား ဝေါဟာရကြွယ်ဝရေးနှင့် စကားပြောကြားရာတွင် ကျွမ်းကျင်မှုစွမ်းရည်များမြင့်မားရေး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်တတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ထိုးထွင်းသိမြင်နိုင်မှု စွမ်းရည်များ မြှင့်တင်ရန်၊ ပြဿနာများ ဖြေရှင်းခြင်းနည်းလမ်းများကို ရှာဖွေဖန်တီးနိုင်ရန်အတွက် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**



ဘာသာရပ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ရာ၌ အင်္ဂလိပ်စာဘာသာရပ်တွင် Grade-5 မှ ကျောင်းသား၊ ကျောင်းသူ ၅၉ဦး၊ Grade-6 မှ ကျောင်းသား၊ ကျောင်းသူ ၄၀ဦး၊ Grade-7 မှ ကျောင်းသား၊ ကျောင်းသူ ၄၀ဦး၊ Grade-8 မှ ကျောင်းသား၊ ကျောင်းသူ ၃၂ဦး၊ Grade-9 မှ ကျောင်းသား၊ ကျောင်းသူ ၃၉ဦး၊ သင်္ချာဘာသာရပ်တွင် Grade-5 မှ ကျောင်းသား၊ ကျောင်းသူ ၆၃ဦး၊ Grade-6 မှ ကျောင်းသား၊ ကျောင်းသူ ၄၀ဦး၊ Grade-7 မှကျောင်းသား၊ ကျောင်းသူ ၃၉ဦး၊ Grade-8 မှ ကျောင်းသား၊ ကျောင်းသူ ၃၁ဦး၊ Grade-9 မှ ကျောင်းသား၊ ကျောင်းသူ ၃၉ဦး ဖြေဆိုခဲ့ကြောင်းနှင့် အတန်းစဉ် ဘာသာရပ်များအလိုက် ထူးချွန်သူများ ရွေးချယ်သွားပြီး ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း ၁၃၀ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၅ကျောင်း၊ အလယ်တန်းကျောင်း ၂ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၉ကျောင်း၊ အထက်တန်းကျောင်းခွဲ ၉ကျောင်း၊ အထက်တန်းကျောင်း ၁၁ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၈ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၇ ကျောင်း ရှိကြောင်းမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **(၄၈၅)**

## အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာအဆင့် ကျောင်းသား၊ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည် မြို့နယ်အဆင့်ပြိုင်ပွဲများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ကျင်းပခဲ့ရာ မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ပြီး Grade 5 တွင် ၄၃ ဦး၊ Grade 6 တွင် ၃၇ ဦး၊ Grade 7 တွင် ၃၅ဦး၊ Grade 8 တွင် ၃၃ဦး နှင့် Grade 9 တွင် ၂၉ဦး စုစုပေါင်း၁၇၇ဦး၊ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရေးဖြေစာမေးပွဲဖြေဆိုမှုနှင့် ကျပန်းနှုတ်ဖြေဆိုမှုအား ကျင်းပခဲ့ကြောင်း၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ပြီး Grade 5 တွင် ၄၈ ဦး၊ Grade 6 တွင် ၃၇ဦး၊ Grade 7 တွင် ၃၄ဦး၊ Grade 8 တွင် ၃၂ဦးနှင့် Grade 9 တွင် ၂၉ဦး စုစုပေါင်း ၁၈၀ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း အဆိုပါ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် တာဝန်ခံမြို့နယ်ပညာရေးမှူးဒေါ်ချောစုလွင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၃ရက်တွင် အတန်းအားလုံးမှ မြို့နယ်အဆင့် ကျောင်းသား ၁ ဦး၊ ကျောင်းသူ ၁ဦး ရွေးချယ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ရေးဖြေစာမေးပွဲအဆင့် ၂ဆင့်ဖြင့် အတန်းအားလုံးမှ မြို့နယ်အဆင့် ကျောင်းသား ၁ ဦး၊ ကျောင်းသူ ၁ ဦး ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သာယာငြိမ်းအေး
## တို့ရွာလေး

- ဝေလီဝေလင်း အရုဏ်ကျင်း၍
  မြူကင်းတိမ်စင်၊ မိုးကောင်းကင်ဝယ်
  ကြည်လင်ဝင်းပ၊ အေးမြမြ။
- ပြန့်ပြူးဖြောင့်တန်း၊ ရွာလယ်လမ်းက
  စိန်ပန်းနီရဲ၊ လေမှာဝဲလျက်
  ပြန့်ကြဲမြေဆီ၊ ရဲရဲနီ။
- မြတ်အရုဏ်ဆွမ်း၊ ကွဲချီမြန်းခဲ့
  ဆွမ်းထမ်းလည်းပါ၊ သံသရာရေး
  မျှော်ကာတွေးရှု၊ နေ့စဉ်ပြု။
- ရွာစာသင်ကျောင်း၊ နေခြည်လောင်း၍
  ခေါင်းလောင်းထိုးသံ၊ တည်ညံ့ဖြင့်
  စာအံရွတ်သံ၊ မိုးသို့ညံ။
- ဦးကြီးဖိုးထိန်၊ လယ်ဆင်းချိန်မို့
  ကြိမ်တံကိုမြှောက်၊ နွားကိုငေါက်လျက်
  တောက်ခေါက်အသံ၊ အားပြည့်လုံ။
- နှစ်များရှည်ကြာ
  ရပ်ရွာအရေး၊ စဉ်မြော်တွေး၍
  သာရေးနာရေး၊ အလေးပေး၍
  တိုင်းရေးပြည်ရေး ဦးစားပေး၍
  စုဝေးညီညာ၊ အောင်ကြောင်းဖြာသို့
  စဉ်သာငြိမ်းအေး၊ တို့ရွာလေး။ ။

ဇော်မြင့်မိုရ်(မီးရထား)



# သတင်းပဒေသာ

## အရန်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းမှ သင်တန်းသားများအတွက် တူညီဝတ်စုံများ ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မဲနယ်တောင်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို အလှူရှင်များက အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက စံဖူးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲ ကျင်းပ

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်းတို့ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## လူငယ်ရေးရာအသိပညာပေး ဟောပြော

ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရိန်မြှင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုး တိုးတက်ရေးအတွက်ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁နာရီက နန်းသဲကျေးရွာရှိ အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းဆင်းဆောင်ရွက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်က စာဖတ်ရိန်မြှင့်တင်ရေးအတွက် စာပေဖတ်ရှုခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးအကြောင်းနှင့် လူငယ်ရေးရာအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၌ မြို့အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဝမ်လုံရပ်ကွက်ရှိ ဘောလုံးကွင်း၌ ကျင်းပရာ ခေတ္တမြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော မိုင်းပါလျို၊ နမ့်ဆီးအာခါ(ထက်)၊ ဝမ်လုံ၊ နမ့်ဖောင်၊ နမ့်ခင်း၊ နမ့်ငေါ့၊ ဝမ်ကျင်း၊ ကျာခမ်းတဲစသည့် ဘောလုံးအသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ရွှေချက်သိုစေတီ ရွှေသင်္ကန်းကပ်ရန် အလှူငွေကျပ်သိန်း ၃၃၀ ကျော် ပေးအပ်လှူဒါန်း

**ရွှေဘို အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ရှေးဟောင်းသမိုင်းဝင် ရွှေချက်သိုစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေကျပ်သိန်း ၃၃၀ကျော် လှူဒါန်းခြင်းကို အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ခြင်းကို ရွှေချက်သိုစေတီတော်မြတ်ကြီး၊ ဓမ္မာရုံတွင် ကျင်းပခြင်းဖြစ်ပြီး ရွှေဘိုခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ရွှေဘိုတပ်နယ်မှူးနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ မြို့မိမြို့ဖနှင့် စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်းသုံးရာသုံးဆယ့် ခြောက်သိန်း လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်ပွဲကို တက်ရောက်လာသူများမှ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး ရွှေဘိုမြို့နယ် သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်စစ်နယ်မြေမှူးနှင့် အရာရှိစစ်သည်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရွှေဘိုဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ရွှေဘိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများမှ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသလင်္ကာရဘိဝံသမှ အနုမောဒနာ တရားတော် ဟောကြားချီးမြှင့်ခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များမှ မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းများ ပြုလုပ်ပေးခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးမြောက် အောင်မြင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၃၉၄)**

## အကြိမ်(၁၄၀)မြောက် သွေးလှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၃**

မြင်းခြံမြို့နယ်၊ ဒူလဘိုရွာဇာတိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊စိတ္တသုခကျောင်းဓာတ်တော်တိုက်၊ ပဓာနနာယကသား သတ်လွှတ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(လူမှုထူးချွန်ပထမအဆင့်)သည် အမှတ်(၂)တပ်မတော်ဆေးရုံခုတင် ၅၀၀ တွင် အောက်တိုဘာ ၁၈ ရက်က အကြိမ်(၁၄၀)မြောက် ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



## တတိယအကြိမ် ကထိန်အလှူတော်နှင့် ရေကန်အလှူတော် ရေစက်ချ



**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရှောက်ပင်ကျေးရွာ အကျွတ်အလွတ်စွန်းလွန်းဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဇဝနအား အမှူးထား၍ တပည့်သာဝကများနှင့် အလှူရှင်များက တတိယအကြိမ် ကထိန်အလှူတော်နှင့် ရေကန်အလှူတော် ရေစက်ချမင်္ဂလာကို အောက်တိုဘာ ၁၀ ရက်က တောင်ကြီးမြို့၊ အေးသာယာဧတဝန်မြို့ဦးကျောင်းတိုက်တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အလှူတော်ရေစက်ချအခမ်းအနားတွင် ပင့်သံဃာများ၊ အလှူရှင်ဧည့်ပရိသတ်များ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၄၁)

*- *- *- *- *

## ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းသို့ မ,တည်အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရွှေစံကိုင်းရပ်ရှိ ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းသို့ ပရဟိတလူမှုကူညီရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူရှင်များက မ,တည် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၀ ရက်က မန္တလေးမြို့နေ (ဦးအောင်တင့်)+(ဒေါ်မြရင်)(ဦးဝင်းမြင့်)တို့အား ရည်စူး၍ ဒေါ်ဝင်းရှိန်မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ မန္တလေးမြို့နေ ကိုကျော်ထွေး+မမိုးမိုးခိုင်၊ (သမီး) မကြယ်စင်အိန္ဒြေ (၁၀)နှစ်ပြည့် မွေးနေ့အလှူအဖြစ် အလှူငွေကျပ် တစ်သိန်း၊ မန္တလေးမြို့နေ ကွယ်လွန်သူ (ဦးချစ်အောင်)(၆၉)နှစ်အားရည်စူး၍ ကျန်ရစ်သူ မိသားစုက အလှူငွေကျပ် တစ်သိန်း၊ မန္တလေးမြို့နေ ရွှေဝါဧပရယ်ဖူး၊ ဆုလာဘ်သဒ္ဒါမှ မွေးနေ့အလှူအဖြစ် Wheel Chair တစ်ခုအား ကုသိုလ်ပြုလှူဒါန်းကြရာ အသင်းတွဲဘက်အတွင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့် အမှုဆောင်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပရဟိတလူမှုကူညီရေး လုပ်ငန်းများဆောင်ရွက်နေသော ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းကြီးသို့ အကူအညီနှင့် အလှူငွေများလှူဒါန်းလိုပါက ကိုလှိုင်မျိုးမင်း ဖုန်း ၀၉-၂၀၀၆၂၉၇၊ ကိုဟိန်းထက်ဦး ဖုန်း ၀၉-၂၆၆၅၈၃၁၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၀၇၀)**



# တာဝန်ထမ်းကြသည် ဆိုရာဝယ်

နိုင်ဗလ

(၁၈-၁၀-၂၀၂၄)ရက် စာမျက်နှာ(၁၇)မှအဆက် -

၈၂လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းထောင့်မှ ရုံးသို့ ပြန်ရောက်သည်နှင့် ပြုဖွယ်တာဝန်များကို ဆက်တိုက်ထမ်းဆောင်သည်။ လိုအပ်သော ဘိလပ်မြေ၊ သံ၊ ဆေး၊ အိမ်ဆောက်ပစ္စည်းအစုံကို လုပ်ငန်းခွင်အလိုက် ထုတ်ပေးသည်။ ဖြည့်တင်းရမည့်ပစ္စည်းများအတွက် အမှာစာရေးသည်။ စတိုစာရင်း၊ ငွေစာရင်းများကို လချုပ်လုပ်သည်။ မိမိစတင်တာဝန်ယူစဉ်က ရှေ့မှတာဝန်ထမ်းဆောင်သွားသူ၏ စာရင်းများကို အများလက်ခံအောင် ကူညီညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်သည်။ နောက်ပိုင်းဆောင်ရွက်မှုများကို လချုပ်များအပြင် နှစ်ချုပ်ရှင်းတမ်းများကိုပါ အသေးစိတ်ဆောင်ရွက်သည်။ လက်နှိပ်စက်မိတ္တူ၊ ပုံစံများမအပ်၊ ကိုယ်တိုင်ဇယားဆွဲ၊ လက်ရေးဖြင့်ပင် စာရင်းများလုပ်သည်။ ငွေစာရင်း၊ စတိုစာရင်းများကို အထက်အဆင့်ဆင့်ကလည်း လက်ခံသည်။ ကုန်တိုက် မအပ်နှံခင် ရက်ပိုင်းတွင် လကုန်သည်။ ထိုလကုန်ရက်အထိ နှစ်ချုပ်၊ လချုပ်များ အပြီးဆွဲ၊ အပ်နှံပြီးလျှင် မော်လမြိုင်ပြန်မည်ဖြစ်ကြောင်း အသိပေး ခွင့်တောင်းခံပြီးဖြစ်သည်။ မိမိက အလုပ်နုတ်ထွက်စာပါ တစ်ခါတည်းတင်သော်လည်း ခွင့်အနေဖြင့်သာပေးခဲ့သည်။

ပြန်လည်ဝင်ရောက်နိုင်သည့်အချိန်တွင် ပြန်၍ ဝင်ရန်မှာကြားသည်။ အခြားမြို့များရှိ ဆိုက်များတွင်လည်း ဝင်ရောက်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့သည်။ ဤသို့ဖြင့် အလုပ်ခွင်တစ်ခုမှ ခေတ္တနားခဲ့ရပြန်သည်။ ကျောင်းကလည်း ပထမနှစ်ဝက်ပိတ်တော့မည်။ ကြိုတင်၍ မန္တလေးမြို့ကို နှုတ်ဆက်ရတော့မည်။ အလုပ်ခွင်ထဲတွင် သုံးရက်နေ၍ မိမိ၏စာရင်းများနှင့်ပတ်သက်၍ မရှင်းလင်းမှု၊ လိုအပ်မှုများရှိက ပြင်ဆင်ဖြေရှင်းပေးရန် စောင့်ပေးသည်။ ဆရာများပေးသော ဆုကြေးနှင့် နောက်ဆုံးလစာထုတ်ယူပြီးချိန်တွင် ညနေ ၄ နာရီထိုးပြီ ဖြစ်သည်။ ကျောပိုးအိတ်တွင် အိပ်ရာလိပ်၊ အဝတ်အစားများထည့်၊ စက်ဘီးနောက်တွင် တင်၍ ရုံးမှထွက်လာခဲ့သည်။ ၂၉လမ်းရောက်တော့ စက်ဘီးရပ်၍ နောက်ပြန်လှည့်ရင်း လုပ်ငန်းခွင်ကို လွမ်းဆွတ်မှုခံစားမိသည်။

ဘူတာကြီးရှေ့ရောက်လာသည်။ ခေတ္တရပ်ရင်း စဉ်းစားသည်။ အမရပူရမှ သူငယ်ချင်းများထံ ရက်ပိုင်းမျှနေပြီးမှ ပြန်ရန်စိတ်ကူးထားသည်။ မထူးတော့ ဘူတာရှေ့ရောက်နေပြီဖြစ်၍ စက်ဘီးတွန်း၍ ဘူတာထဲဝင်သည်။ ရုံးခန်းရှေ့တွင် စက်ဘီးရပ်ခဲ့ပြီး ရုံးထဲမှ သူငယ်ချင်းအား ရသောလက်မှတ်စီစဉ်ပေးရန်၊ စက်ဘီးကို အဆင်ပြေသောနေ့တွင် တင်ပေးရန် အပူကပ်သည်။ သူငယ်ချင်းက ပြန်တော့မည်။ အရေးပေါ်ကိစ္စရှိနေသည်ဟု ဆိုသည်။ စက်ဘီးလည်း ပါမလာ။ ထို့ကြောင့် စက်ဘီးကို သူငယ်ချင်းအား စီးသွားစေပြီး ပြန်လာမှ လာယူမည်ဖြစ်ကြောင်း ပြော၍ ပေးခဲ့သည်။ ရထားလက်မှတ်ကိုမူ R.T.O မှ ကိုလွင်ဦးက စီစဉ်ပေး၍ အဆင်ပြေခဲ့သည်။ R.T.O တွင် ကျောပိုးအိတ်ထားခဲ့ပြီး ဆေးရုံကြီးနားမှ ထမင်းဆိုင်လေးဘက်ထွက်ခဲ့သည်။ စာရင်းများ နေ့၊ ည မနားမနေလုပ်ခဲ့၍ အိပ်ရေးပျက်များပြီး လူကနေမကောင်းချင်၊ ကျောထဲစိမ့်လာသည်။ ငှက်ဖျားကပြန်ထတော့မည်ထင်။ ဗိုက်ပြည့်ရန် ထမင်းအနည်းငယ်စား၍ ဘူတာဘက်ပြန်လာသည်။ အိတ်ယူ၍ ရထားပေါ်တက်ခဲ့သည်။ လိုရမယ်ရ ရမ်ပုလင်းအပြားလေးကို ဆေးအလို့ငှာ အိတ်ထဲဝယ်ထည့်ခဲ့သည်။

ရထားပေါ် ဘေးထိုင်ခုံများတွင် တပ်မတော်သားများသာဖြစ်ကြောင်း တွေ့ရသည်။ R.T.O မှ လက်မှတ်ဖြစ်၍ မိမိသည် သီးခြားတွဲသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

အစိမ်းရောင်တရုတ်ကျောပိုးအိတ်ကို စင်ပေါ်တင်ပြီး ပြူတင်းဘက်ခုံတွင် မျက်လုံးမှိတ်နားရင်း လိုက်ပါခဲ့သည်။ တဖြည်းဖြည်း ချမ်းတုန်လာ၍ စောင်ထုတ်ပြီး ခြုံရသည်။ ဘေးမှ ဆရာကြီးများက နေမကောင်းဘူးလား ငါ့ညီလေးဟု မေးသဖြင့် ငှက်ဖျားတက်လာတာ ဆရာကြီးရေ။ ဆေးနည်းနည်းသောက်ခွင့်ပြုပါဟု ဆိုကာ နှစ်ပတ်ခန့် မျိုချလိုက်မှ နည်းနည်းသက်သာသည်။ မင်းစစ်သားလားဟု မေး၍ ကျောင်းသားဖြစ်ကြောင်း၊ မိဘက တပ်မှဖြစ်ကြောင်း မော်လမြိုင်ခဏပြန်မည်ဖြစ်ကြောင်းပြောရင်း အဖွဲ့ကျစကားပြောဖြစ်ကြသည်။ ထိုစဉ်ကာလက တိုင်းပြည်ငြိမ်သက်အေးချမ်းစဖြစ်သဖြင့် အရေးအခင်းကာလအကြောင်းများကို အပြန်အလှန်ပြောဆိုနေကြသည်။ ကျွန်တော်လည်း စောင်ခြုံထဲမှ နားထောင်နေမိသည်။ ဆရာကြီး နှစ်ဦးက စာအတော်ဖတ်ပုံရသည်။ ဗဟုသုတများ မှတ်စရာများကို စကားများထဲမှ ရခဲ့သည်။ ကျွန်တော့်အတွက် အကြိုက်ဖြစ်ခဲ့သည်။ မှတ်မှတ်ရရ မင်းတို့၏ ရတနာကိုးပါးအကြောင်း ပြောဆိုငြင်းခုံနေသည်မှာ အချိန်နည်းနည်းကြာသွားသည်။ ကျွန်တော့်ဘက်လှည့်လာသည်။ ဟေ့ကျောင်းသားလေး မင်းသိသလောက်တော့ ပြောကွာ၊ နားပဲထောင်နေတာဟုဆိုသဖြင့် ကျွန်တော်က ဆရာကြီးတို့လောက် ဗဟုသုတမများပါဘူး။ သင်ထားသလောက်လေးပဲ သိတာပါဟု ပြောပြီး ကဝိလက္ခဏာဒီပနီလာမင်းတို့၏ နဝရတ် ကိုးပါးကို ရွတ်ပြသည်။ ဆရာကြီးသိသည်နှင့် မူအနည်းငယ်ကွဲသဖြင့် စာအုပ်ထုတ်၍ ရေးမှတ်မည်ဆိုသဖြင့် တစ်ချက်ချင်း ရွတ်ပြခဲ့ရသည်။ (၁) ပြည်ကြီးဝန်ကို ရွက်ဆောင်သော အမတ်ကြီးတို့သည် ပြည်၏ ဦးကင်းမည်၏။ (၂) ရဟန်းတို့သည် ပြည်၏ တံခွန်မည်၏။ (၃) ဗေဒင်အရာ ဆေးအရာ၌ လိမ္မာသော ဆရာတို့သည် ပြည်၏ မျက်စိမည်၏။ (၄) သူလျှိုတို့သည် ပြည်၏ နားမည်ကုန်၏။ (၅) မင်းဆွေမင်းမျိုးတို့သည် ပြည်၏ အစွယ်မည်၏။ (၆) အမျိုးသမီးတို့သည် ပြည်၏ မျက်နှာမည်၏။ (၇) သူဌေးသူကြွယ်တို့သည် ပြည်၏ ဝမ်းမည်၏။ (၈) စစ်သည်အပေါင်းသည် ပြည်၏ ခြေမည်၏။ (၉) လက်နက်တို့သည် ပြည်၏ လက်မည်၏။ ၎င်းတို့ကို မချိုးမဖြတ် မဖျက်ဆီးသင့်ကြောင်း ရွတ်ပြခဲ့သည်။ ကျူတိုရီယယ်ဖြေစဉ်က ကျက်မှတ်ထားသဖြင့်သာ ဒေါက်ဒေါက်ပြေးအောင် ရွတ်ပြနိုင်ခြင်းဖြစ်သည်။ ဆရာကြီးတို့လည်း ဆက်၍ မငြင်းတော့။ ကျွန်တော့်ရွတ်သည်ကိုသာ အမှန်ဟုဆုံးဖြတ်ကြသည်။ ကျွန်တော် ကျက်ခဲ့သော စာကြောင့် မျက်နှာရခြင်းဖြစ်သည်။ အဖျားတက်လာသောကြောင့် ဆရာကြီးက နေရာမှ ဖယ်ပြီး ကျွန်တော့်ကို အိပ်စေသည်။ သူက သေတ္တာပေါ်တွင် ထိုင်ရင်းလိုက်ခဲ့သည်။ စာတစ်ပိုဒ်ရွတ်နိုင်သောကြောင့် ဆရာကြီးများက တစ်လမ်းလုံးပြုစု ကျွေးမွေးခဲ့သည်။ ငြင်း၍မရ၊ လိပ်စာများပေး၍ ရောက်လျှင်လာလည်ရန် ဖိတ်ကြသည်။ ဤသို့ဖြင့် ပဲခူးရောက်၍ ကျွန်တော် ရထားပြောင်းစီးရသည်။ ဆရာကြီးများကို နှုတ်ဆက်၍ ပဲခူးဘူတာတွင် ဆင်းနေခဲ့ရသည်။ စာဖြင့်ရေးမှတ်သော ဆရာကြီးနှင့် မကြာခင်ပြန်လည်တွေ့ဖြစ်မည်ဟု ထင်မထား။ သို့သော် ကမ္ဘာကြီးက ကျဉ်းသည်မို့ ပြန်လည်ဆုံတွေ့ရသေးသည်။

မုတ္တမဘူတာရောက်လျှင် ဇက်ဆိပ်သို့ မဆင်းသေးဘဲ မုတ္တမစက်ခေါင်းပြင်အလုပ်ရုံဝန်ထမ်းလိုင်းခန်းရှိ အစ်ကိုတစ်ဝမ်းကွဲ ကိုခင်စိုးထံ ဝင်သည်။ ထမင်းစားရင်း စကားပြောဖြစ်သည်။ အစ်ကို၏ ဇနီးမှာ ကရင်အမျိုးသမီးဖြစ်သည်။ စကားစမြည်ပြောပြီး ဇက်ဆိပ်သို့ ဆင်းကာ မော်လမြိုင်ဘက်ကမ်းသို့ ကူးခဲ့သည်။ သံလွင်ဆိပ်သို့ ရောက်ပြီး ဘတ်စ်ကားစီး၍ သီရိမြိုင်ဈေးတွင် ဆင်းသည်။ သီရိမြိုင်ရပ်ကွက်သည် မန္တလေးသတင်းစာတိုက်တွင် အထူးအရာရှိအဖြစ် တာဝန်ထမ်းခဲ့ဖူးသော ဒုတိယဗိုလ်မှူးကြီး အောင်သန်း၏ ရပ်ကွက်ဖြစ်သည်။ သီရိမြိုင်ဈေးမှ ရန်အောင်လမ်းအတိုင်း မုဒုံလမ်းမကြီးဘက်တက်ခဲ့သည်။ ရာဘာဘောလုံးအလုပ်ရုံဘေးမှ ခြံသည် ကျွန်တော့်ခြံဖြစ်သည်။ ကျွန်တော် ပြန်လာသည်ကို တူလေးနေလင်းက ပြေးကြိုသည်။ အမေက အိမ်ပေါ်မှ ရပ်၍အပြုံးဖြင့် ကြိုသည်။ အဖေက ပိန္နဲပင်ပေါ်မှ ငါ့သားအတွက် ပိန္နဲသီးချပေးမယ် ယူလိုက်ဟုဆိုကာ ကြိုးဖြင့် ပိန္နဲသီးကို ချပေးသည်။ အမကလည်း ထမင်းချက်လိုက်ဦးမည်ဆိုကာ မီးဖိုထဲဝင်သွားသည်။ အထုပ်အပိုးချပြီးသည်နှင့် အိမ်ရှေ့ကွပ်ပျစ်တွင် အဖေချပေးသော ပိန္နဲသီးကို ခွဲ၍စားကြသည်။ ကျွန်တော်က ပိန္နဲသီးအရမ်းကြိုက်သည်။ ခြံထဲ ပိန္နဲပင်ထဲမှ အရသာကြိုက် အလုံးကြီးသော အပင်က အသီးကိုသာ ချန်ပြီး ကျန်အလုံးသေးသော အပင်များမှ အသီးကို အစိမ်း အနုတွင် ခူးသည်။ ပြုတ်တို့သည်။ ပိန္နဲသီးဟင်းချက်စားသည်။ ကျွန်တော့်အတွက် အဆင်ပြေလှသည်။ တညင်းသီးလည်းရှိသည်။ ဆူးပုပ်ရွက်လည်းရှိသည်။ ငါးဟင်းလည်း ရှိသည်။ ညနေစာကို ဗိုက်ကားအောင် စားသည်။

ထမင်းစားပြီး စက်ဘီးယူ၍ ဦးလေးအိမ်သို့သွားရန် ထွက်ခဲ့သည်။ မုဒုံလမ်းမကြီးမှတစ်ဆင့် သွားခဲ့သည်။ ခြံကြီးစုမှ မုဒုံလမ်းမကြီးအထွက်ထောင့်တွင် ဦးပါတို့ခြံရှိသည်။ ဦးပါ၏ ခြံတွင် တူငယ်လေးများ သွားရောက် ဆော့ကစားလေ့ရှိကြသည်။ ဦးပါ၏ ဇနီးမှာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၏ဇနီးနှင့် ညီအစ်မဖြစ်သည်။ ကျွန်တော် မန္တလေးနေ့စဉ်တွင် အလုပ်ဝင်သည့်ကာလ ဦးပါတို့သည် ပုသိမ်ကြီးမှ ကျွန်တော့်ခြံထဲရှိ ငါးကန်များထဲတွင် ငါးမျှား၊ ငှက်ပစ်၊ အသီးအနှံခူး မကြာခဏလာကြသည်။ မြို့တော်စည်ပင်ရဲတပ်ဖွဲ့ဝင်များလည်းပါသည်။ စိတ်အပန်းဖြေ လာကြခြင်းဖြစ်၍ ကျွန်တော်က ခွင့်ပြုပေးထားသည်။ သူတို့ပြန်လျှင် ခြံထွက်ငှက်ပျော၊ သရက်၊ ရုံးပတီသီး၊ ငါးတို့ကို လက်ဆောင်ပါးလိုက်သေးသည်။ ထို့ကြောင့် မကြာခဏ လာလေ့ရှိကြသည်။ ဦးပါ၏ ခြံကျော်ပြီး မလှမ်းမကမ်းတွင် မော်လမြိုင်ကားကြီးဝင်းတည်ဆောက်မည့် ငန်းတေးမီးစက်သွားလမ်းဆုံရှိသည်။ ကားကြီးဝင်း ဆောက်မည့်ဘေးလမ်းကို ဦးဘစိုးလမ်းဟု ခေါ်သည်။ ဦးဘစိုးမှာ ယခုကျွန်တော်သွားမည့် မောင်ငံအလယ်တန်းမှ ဦးလေး ဦးဘစိုးဖြစ်သည်။ ဖခင်၏ ညီအငယ်ဖြစ်ပြီး အမရပူရ ပ·လ·စ(၂)တွင်နေ၍ မန္တလေးတွင် ကျောင်းတက်ခဲ့သူဖြစ်သည်။ မော်လမြိုင်-မုပွန်မီးရထားစက်ခေါင်းရုံတွင် အလုပ်လုပ်ခဲ့ပြီး ပါတီဘက်သို့ ပြောင်းကာ လူကြီးဖြစ်လာသူဖြစ်သည်။ ကျွန်တော် ၁၀ တန်းအောင်စကဗိုလ်သင်တန်းမဖြေခိုင်း၍ မီးရထားတွင် အလုပ်လုပ်ရန် ဦးလေးဆီသွားရာ ရထားလမ်းလုပ်သားအဖြစ် သံတိုင်ထမ်း၍ ရထားလမ်းတစ်လျှောက် တဲထိုးနေထိုင် လုပ်ကိုင်ရသောအလုပ် သွင်းပေးသဖြင့် စိတ်ဆိုးပြီး မန္တလေးပြန်ခဲ့သည်။ စာအုပ်ကြီးသမား၊ ရိုးသားသော အခွင့်အရေးမယူခဲ့သော လူကြီးဖြစ်သည်။ ဦးဘစိုးအား ဒေသခံများက ချစ်ခင်ကြသည်။ ကျွန်တော်တို့ ကျိုက္ကမီ၊ စက်စဲ၊ မုဒုံမြို့များသို့ သွားလျှင် ဦးလေး၏တပည့်များ၊ မိတ်ဆွေများမှ ဝမ်းသာအားရကြိုဆိုဧည့်ခံကြသည်မှာ ယခုခေတ်ပြောင်းပြီးကာလအထိဖြစ်သည်။ နိုင်ငံတော်မှပေးသော ဖုန်းတစ်လုံး၊ တီဗွီတစ်လုံးသာ သုံးစွဲခဲ့ပြီး မော်တော်ယာဉ်ပင်မယူခဲ့သူဖြစ်သည်။ ၈၈ အရေးအခင်းကာလတွင် ပါတီ၊ ကောင်စီအိမ်များ ဖြိုဖျက်ခံရသည်။ ဦးလေးမှာ အိမ်မရှိ၊ ယောက္ခမအိမ်တွင် နေသူဖြစ်၍ စာဖတ်မပျက်၊ နေဗီမှ လာ၍ ဖွတ်ခေါ်ကာ တိုင်းစစ်ဌာနချုပ်တွင်ထားခဲ့သည်။ ခဏသာနေသည်။ ငါ့ကို သတ်မည့်သူမရှိပဲ ပြော၍ ပြန်သည်။ သူ့ကိုယ်သူ အယုံအကြည် အပြည့်ရှိသူဖြစ်သည်။

ဦးလေးအိမ်သို့ရောက်ရာ အမှုန့်ကြိတ်စက်တွင် ထိုင်၍ အမှုန့်ကြိတ်နေသော ဦးလေးကို တွေ့ရသည်။ အမှတ်(၇) အ·ထ·ကတွင် ဆရာမဖြစ်သော ဒေါ်လေးနှင့်တူ၊ တူမများ ကျောင်းသွားနေကြသည်။ အရေးအခင်းအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနကြီး ဖွင့်ရန်အတွက် အတွင်းရေးမှူး-၁ ကိုယ်တိုင် ဦးလေးအား လာရောက်ခေါ်ခဲ့သော်လည်း မလုပ်ခဲ့၊ အတွင်းရေးမှူး အရာရှိငယ်ဘဝ တောင်ပေါ်တန်း ထ·လ·ရ(၅)တွင် တာဝန်ထမ်းဆောင်စဉ်ကတည်းက ဦးလေးနှင့်လက်တွဲခဲ့ကြသူများဖြစ်သည်။ ဦးလေးနှင့် စကားစမြည်ပြောသည်။ ပါလာသော ထိုးမုန့်ဖြင့် ကန်တော့၍ ဦးလေးအိမ်အနီး နတ်မော်တန်းမှ ဗိုလ်မှူးတင်မြင့်အိမ်သို့ သွားရောက်နှုတ်ဆက်ခဲ့သည်။ ဗိုလ်မှူးတင်မြင့်မှာ မန္တလေးနို့ထွက်ပစ္စည်းဖွံ့ဖြိုးရေးစီမံကိန်း စက်မှုအင်/ယာဌာနမှူးဖြစ်သည်။ စီမံကိန်းပြီးလျှင် ဩစတေးလျတွင် သွားရောက် အလုပ်လုပ်ရန်အတွက် အကူအင်/ယာတစ်ဦးနှင့် ကျွန်တော့်အား ရွေးချယ်ထားသူဖြစ်သည်။ နှလုံးကျန်းမာရေးဖောက်သောကြောင့် မသွားဖြစ်ခဲ့ကြ။ ဗိုလ်မှူးနှင့်မတွေ့ခဲ့ ရန်ကုန်မြို့ရှိ အိမ်သို့ သွားနေကြသည်ဟု ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

## ဆီးချိုရောဂါအမျိုးအစား ၂ ကို သက်သာစေရန် အစားအသောက်ထိန်းချုပ်ခြင်းဖြင့် ကုစားနိုင်



အမေရိကန်ပြည်ထောင်စုတွင် ဆီးချိုရောဂါခံစားနေရသူ ပေါင်း ၃၈ သန်းကျော်ရှိရာ အမျိုးအစား ၂ ခံစားနေရသူ ဦးရေမှာ ၉၀ရာခိုင်နှုန်းကျော်သည်ဟု မှတ်တမ်းတင်ထားသည်။

ဆီးချိုအမျိုးအစား၂ကို ယခင်က အသက် ၄၅ နှစ်အထက် အမျိုးသား၊ အမျိုးသမီးများတွင်သာ တွေ့ရလေ့ရှိသော်လည်း ယခု နောက်ပိုင်းတွင် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များနှင့် လူလတ်ပိုင်းများတွင်လည်း ထိုရောဂါကိုတွေ့လာရသည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု၊ အလာဘားမားပြည်နယ်၊ ဘမင်ဂမ်မြို့ ရှိ အလာဘားမားတက္ကသိုလ်မှ ဘာဘာရာဂိုဝါ ဦးဆောင်သော သုတေသီများ၏ မကြာသေးမီက လေ့လာတွေ့ရှိချက်အရ ကစီဓာတ်နည်းသော အစားအစာများကို ရွေးချယ်စားသုံးခြင်းဖြင့် ထိုဆီးချိုရောဂါ အမျိုးအစား ၂ ကို သက်သာစေရန် ကုစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

SCI

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## G Dragon နှင့် နာမည်ကျော်များက Power သီချင်းကို ရေးသားထားကြ



ကေပေါ့ပ်ဘုရင်ဂျီဒရယ်ဂွန်က Ascap တွင် မှတ်ပုံတင်လိုက်သည့် Power သီချင်းတွင် နာမည်ကျော်များ ပါဝင်ရေးသားထားကြသည်ကို တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Power သီချင်းတွင် ပါဖော့မန့်နေရာ၌ ဂျီဒရယ်ဂွန်ဟု ရေးသားထားကာ တေးရေးနေရာတွင် ဂျီဒရယ်ဂွန်နှင့်တက်ဒီးဟု နာမည်ရင်းများ ရေးသားထားကြသည်။

ဂျီဒရယ်ဂွန်နှင့်တက်ဒီးအပြင် တွန်မီဘရောင်း@ ဘရောင်းသောမတ်စ်လီ၊ ဖရန့်စတီမင် ရောဘတ်တို့လည်း ရေးသားထားကြ၍ Power၏အရှိန်အဝါကို ပရိသတ်မျှော်လင့်တကြီး စောင့်စားနေကြသည်။

ဂျီဒရယ်ဂွန်၏ ဂီတဖန်တီးမှုကို စွမ်းအားအပြင် နာမည်ကြီးများပါ ရေးသားပါဝင်ထားကြသဖြင့် Power ၏ Powerကို ရင်ခုန်နေကြသည်။

(SKY)



## Dune;Part III စတင်ရိုက်ကူးမည် ဖြစ်

အော်စကာဆု ဆွတ်ခူးရရှိထားသည့် Dune ကို အပိုင်းနှစ်တွင်လည်း ဝင်ငွေများစွာနှင့် အောင်မြင်ခဲ့သဖြင့် အပိုင်းသုံးကို ၂ နှစ်ကြာမှ စတင်ရိုက်ကူးမည်ဖြစ်သည်ဟု ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ကို ဒါရိုက်တာ ဒဲနစ်ဗီလန့်အီဗီ စာရေးဆရာ ဖရန့်ဟာဘတ်၏ Dune ဝတ္ထု စာအုပ်ထဲမှ ၁၉၆၅ ခုနှစ်ထုတ် Dune ဝတ္ထုကို အခြေတည်ရိုက်ကူးထားပြီး အပိုင်းနှစ်အပြီး အပိုင်းသုံးကို Dune;Messiah ကို ၂၀၂၆ ခုနှစ်တွင် စတင်ရိုက်ကူးမည် ဖြစ်သည်။

တီမိုသီချာလာမက်၊ ဇင်ဒါယာ၊ ဖလောရင့်ပတ်ချ်နှင့် အန်ယာတေလာဂျိုင်တို့ ပြန်လည်ပါဝင်မည်ဖြစ်သည်ဟု အင်တာဗျူးတွင် အတည်ပြုထားသည်။

(SKY)






## Bruno Mars နှင့် Rose တို့ APT ဂီတသစ် ထွက်ရှိလာ

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ဘရူနိုမတ်စ်နှင့် ဘလက်ပင့်ခ်မှ ရိုစ်တို့၏ ဂီတသစ် APT ထွက်ရှိလာမှုအပေါ် ပရိသတ်အံ့အားတသင့်ဖြစ်ခဲ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနောက်တိုင်းနှင့် ကေပေါ့ပ် အနုပညာရှင်နှစ်ဦး၏ ပေါင်းစည်းမှုဖြစ်ပြီး ပေါ့ပ်နှင့် ရော့ခ်အရသာ ပေါင်းစပ်ဖန်တီးထားသည့် လွတ်လပ်ပျော်ရွှင်မှုရသကို ပေးသော သီချင်းဖြစ်ခဲ့ပြီး ဘရူနိုမတ်စ်နှင့် ရိုစ်တို့ ပေါင်းစည်းမှုကို ပရိသတ် စိတ်ဝင်စားနေကြသည်။

ရို့စ်က အဆိုပါ သီချင်းကို သူ့အဖွဲ့ထဲမှ လူများ၏ ဖုန်းထဲမှ ဖျက်ခိုင်းရခြင်းမှာ သောက်စရာများကို အခြေခံဖန်တီးထား၍ ဖြစ်ပြီး နားထောင်ရင်း ကြိုက်လာရာမှ စိတ်ပြောင်း၍ ထုတ်ဖြစ်ခဲ့သည်ဟု ပြောကြားထားသည်။

ယင်းသီချင်းသစ်တွင် သူငယ်ချင်းများစု၍ သောက်ချိန်ဆော့ရသော APartment အမည်ရ ရိုးရာကစားနည်းတစ်မျိုးအကြောင်း မှုတည်ရေးသားထားကာ အာဖာ့ထာ(APT)ဟု အမည်ပေးထားပြီး အောက်တိုဘာ ၈ ရက်က ထွက်ရှိထားသည်။

(SKY)

0-0-0-0-0-0-0

## Xiao Zhan က Boucheron Carte Blanche or Bleu လက်ဝတ်ရတနာပွဲတက်ရောက်ခဲ့

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် Boucheron Carte Blanche or Bleu လက်ဝတ်ရတနာပြပွဲသို့ တက်ရောက်ခဲ့ပြီး အင်တာဗျူးတွင် သူ့အမြင်ကို ပြောကြားသွားကြောင်း ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် Boucheron က ငါးမိနစ်လောက်သာ ပွဲထဲရှိသော ရှောင်းကျန့်ကို လက်ဝတ်ရတနာငါးခု ဆင်ပေးခဲ့ပြီး "လှိုင်းတံပိုးရိုက်ခတ်သံနောက်လိုက်ရင်း သံတမန်ရှောင်းကျန့်နှင့်အတူ (ဘရန်း)မိသားစု၏ အနုပညာ ဒီဇိုင်းအလှကို တွေ့ကြုံခံစားရန် ခရီးနှင်ကြရအောင်" ဟု ဖိတ်ကြားထားသည်။

ယင်းပွဲတွင် ရှောင်းကျန့်ကို Sohu Fashion က သီးသန့်မိတ်ဆက်ပေးရန် ဖိတ်ခေါ်ထားကာ ရှောင်းကျန့်က ပြင်သစ်စကားနှင့် မိတ်ဆက်၍ ညစာစားပွဲ အင်တာဗျူးတွင် လက်ဝတ်ရတနာများနှင့် လိုက်ဖက်သော ကိုယ်ခန္ဓာရရှိရန် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းလုပ်ခဲ့ကြောင်း ပွဲအတွင်းလူအားလုံးမှာ အကောင်းမြင်စိတ်ရှိပြီး တက်ကြွနေသည်ကို တွေ့ရကြောင်း နှစ်သစ်တွင် အရာအားလုံး အဆင်ပြေချောမွေ့ပြီး ကျန်းမာရန်မျှော်လင့်ကြောင်း ပြောကြားသွားသည်။ (SKY)

## Wang Yibo က Zhuhai International Circult တွင် ကျင်းပမည့် GT3 ကားပြိုင်ပွဲဝင်

တရုတ်ဘက်စုံထူးချွန်အနုပညာရှင်ဝမ်ရိဘိုသည် အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် Zhuhai International Circult တွင် GT3 Race ပွဲတွင် ပြိုင်ကားမောင်းပြိုင်ပွဲဝင်မည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုတော်၊ သရုပ်ဆောင်၊ အက ကပွတိန်၊ ဆိုင်ကယ်ပြိုင်ပွဲဝင်၊ တောင်တက်သမား ဝမ်ရိပေါ်ကို ပြိုင်ပွဲဝင်ကားနှင့်အတူ မြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်များ စိတ်ဝင်စားနေကြသည်။

ဝမ်ရိဘိုနှင့် EVISU တို့ ပူးပေါင်းဖန်တီးပေးထားသည့် YIBO85၏ လိုဂိုအသစ်ကို ထုတ်ပြထားရာ အပူပိုင်းဒေသမိုးသစ်တောထဲမှ ဝါးရွက်ပေါ်တွင် တသီးတသန့် ခမ်းနားငြိမ်သက်နေသည့် အစိမ်းရောင်မြွေကို သူ့ ကိုယ်ပိုင်နံပါတ်နှင့် ပေါင်းစပ်ထားသည်ကို တွေ့ရသည်။

(SKY)



## Taylor Swift ၏ ညစာစားဖက်ရှင် ဝေဖန်ခံရ

ကမ္ဘာကျော်အဆိုတော် တေလာဆွစ်သည် ချစ်သူနှင့်အတူ ညစာထွက်စားသည့် ပုံရိပ်ထွက်ပေါ်လာ၍ ပရိသတ်ကြား ဝေဖန်သံများစွာ ထွက်ပေါ်လာခဲ့သည်ဟု ဟောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

တေလာဆွစ်ပရိသတ်များက မည်သို့ဝတ်စားထားသော ဖက်ရှင်နှင့်မဆို လှပနေသော တေလာဆွစ်ကို အားပေးခဲ့ကြသော်လည်း အချို့က တေလာဆွစ်၏ ဝတ်စုံမှာ လိုက်ဖက်မှုမရှိဟု ဝေဖန်ထားကြသည်။

အချို့ပရိသတ်များက ငွေရှိသော်လည်း စတိုင်လ်ကျမှုကို ဝယ်မရဟု မှတ်ချက်ပေးထားကာ အချို့က စတိုင်လ်လစ်ကို သိချင်တယ်ဟု ပြောဆိုဝေဖန်ထား၍ တေလာဆွစ်နှင့် မလိုက်ဖက်သည့် ညစာဝတ်စုံဖက်ရှင်ကို ထောက်ပြထားကြသည်။

(SKY)



# အလေ့ကျပေါက်ပင်မှ ထွက်ရှိသည့် ကြောင်ပန်းစေ့များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် ဈေးမြင့်တက်ကာ အရောင်းသွက်



မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် အလေ့ကျပေါက်ရောက်သည့် ကြောင်ပန်းပင်မှ ထွက်ရှိသော ကြောင်ပန်းစေ့များ ယခုရာသီတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးများမြင့်တက်ကာ အရောင်းသွက်နေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။

အဆိုပါ ကြောင်ပန်းစေ့များသည် လက်ရှိချိန်တွင် မန္တလေးဈေးကွက်သို့ လှိုင်လှိုင် ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ယင်းကြောင်ပန်းစေ့များမှာ ယခုရာသီတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်လာသောကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းအထိ အမြင့်ဈေးများပေးကာ ဝယ်ယူနေမှုကြောင့် စံချိန်တင်မြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"ဒီကြောင်ပန်းပင်က အညာဒေသတွေမှာ မစိုက်ပျိုးဘဲ သဘာဝအလျောက် အလေ့ကျပေါက်ရောက်တဲ့ အပင်အမျိုးအစားဖြစ်တယ်။ ဒီအပင်ကို တံတားဦးမြို့နယ်နဲ့ နွားထိုးကြီးမြို့နယ်တွေက တောင်သူတွေဆိုရင် ရေသွင်းပြီးတော့ စမ်းသပ်စိုက်ပျိုးနေကြတာကို တွေ့ရှိရပါတယ်။ အောင်မြင်မှုများလည်း ရှိနေပါတယ်။ အဓိက အနေနဲ့ အပူပိုင်းဒေသ သဲချောင်း အနီးပတ်ဝန်းကျင်နဲ့ ဧရာဝတီ၊ ချင်းတွင်းကမ်းစပ်တွေမှာ အများအပြားပေါက်ရောက်ပြီးတော့ သဲဆန်တဲ့ မြေမှာပိုပြီး ရှင်သန်မှုကောင်းတယ်။ အပင်အမြင့်က လူတစ်ရပ်လောက်ရှိပြီး အစေ့ကို ခူးဆွတ်ရောင်းချရတဲ့ အပင်အမျိုးအစားဖြစ်တယ်။ လက်ရှိဈေးကွက်မှာတော့ ဒီကြောင်ပန်းစေ့တွေကို နည်းပညာနဲ့ ပေါင်းစပ်ပြီး ဆေးဝါးနှင့် အလှကုန်ပစ္စည်း ထုတ်လုပ်တဲ့ နေရာတွေမှာ အသုံးပြုတယ်လို့ ကြားသိရတယ်။ မယုံနိုင်လောက်အောင်ဖြစ်နေတဲ့ အလေ့ကျပေါက်ပင်ဈေးနှုန်း ဖြစ်ပါတယ်။ ဒီနှစ်အဖို့ ဒေသခံတောင်သူတွေအနေနဲ့ အပိုဝင်ငွေကောင်းကောင်းရရှိတဲ့ နှစ်တစ်နှစ်ပါ။ သိသူဖော်စားမသိသူ ကျော်သွားဆိုတဲ့ ဆိုရိုးစကားအတိုင်း ဖြစ်နေပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အခုလိုပြည်ပဝင်ငွေရှာဖွေပေးတဲ့ မြေကြီးက ရွှေသီးတဲ့အလေ့ကျပေါက်ပင်တွေ အများကြီးရှိနေပါတယ်"ဟု ၎င်းက ပြောပြသည်။

အဆိုပါ ကြောင်ပန်းစေ့များသည် ကြောင်ပန်းပင်မှ ဝါဆိုလနှင့်ဝါခေါင်လတို့တွင် စတင်ထွက်ရှိကာ အသီးများမှ အစေ့ကို ထုတ်ယူပြီး ဈေးကွက်ထဲသို့ ထွက်ရှိစမြဲဖြစ်ကြောင်းနှင့် ၎င်းကြောင်ပန်းစေ့များကို လွန်ခဲ့သည့် ဆယ်နှစ်လောက်ကစပြီး တရုတ်ပြည်ဈေးကွက်သို့ စမ်းသပ် ပို့ဆောင်ရောင်းချခဲ့ရာမှ ဈေးကွက်ခိုင်မာမှုရရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် မန္တလေးဈေးကွက်အတွင်းသို့ မင်းဘူး၊ စလင်း၊ စကု၊ ရေနံချောင်း၊ ချောက်၊ ပုပ္ပါး၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ တောင်သာ၊ မကွေး၊ မြစ်သား၊ မိတ္ထီလာ၊ မုံရွာ၊ အောင်ပန်းစသည့် ဒေသတို့မှ ထွက်ရှိလာသည့် ကြောင်ပန်းစေ့များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိရာ ဈေးကွက်အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

(ဝ၇၃)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# မြို့နယ်အဆင့် မူလတန်းနှင့်အလယ်တန်း အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**အမရပူရ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းနှင့် အလယ်တန်းမြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

အဆိုပါ အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို နံနက်ခင်းနှင့် နေ့ခင်း နှစ်ပိုင်းခွဲဖြေဆိုကြရပြီး နေ့လည် ၁ နာရီတွင် လူတွေ့စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။ စွမ်းရည်ပြိုင်ပွဲတွင် အမရပူရမြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ရာ အင်္ဂလိပ်စာဘာသာရပ်တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း စာရင်းရှိ ၁၄၃ ဦးရှိပြီး ကျား ၁၊ မ ၁ ပျက်ကွက်၍ ဝင်ရောက်ဖြေဆိုသူ ၁၄၁ ဦးရှိပြီး သင်္ချာဘာသာရပ်တွင် စာရင်းရှိ ၁၂၄ ဦးအနက် ကျား ၁ ပျက်ကွက်သဖြင့် ဝင်ရောက်ဖြေဆိုသူ ၁၂၃ ဦးရှိသည်။

စွမ်းရည်ပြိုင်ပွဲဝင်များမှ အတန်းစဉ်အလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦးစီ ရွေးချယ်ပြီး တိုင်းဒေသကြီးအဆင့် စွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်သည်။

ယနေ့စွမ်းရည်ပြိုင်ပွဲဖြေဆိုနေမှု အမရပူရမြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၄)

# ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် လူနေအိမ်များတွင် Mass Chlorine ဆေးခတ်ခြင်းလုပ်ငန်းဆောင်ရွက်

**မြစ်သား အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ဘူတာရပ်ကွက်ရှိ လူနေအိမ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ Mass Chlorine ဆေးခတ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉နာရီခွဲက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဒေါ်မိုးမိုးလှိုင်၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်မြဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲမှတပ်ဖွဲ့ဝင်များတို့က ဦးဆောင်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် ဘူတာရပ်ကွက်အတွင်း နေအိမ်များရှိ ရေတွင်း၊ ရေကန်နှင့် အိမ်သာများအတွင်း Mass Chlorine ဆေးခတ်လုပ်ငန်းဆောင်ရွက်ခဲ့သည်။

အဆိုပါ Mass Chlorine ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန်ဆေးခတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး၊ အမျိုးသမီးကျန်းမာရေး ဆရာမနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန်းသွယ်သွယ်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဘူတာရပ်ကွက်တာဝန်ခံစာရေးဦးဆွေမင်းထက်နှင့်ရာအိမ်မှူးများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ယာပုံ)

ဝါဝါမြင့်

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

# စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် ပြပွဲများကျင်းပ

**တံတားဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အမှတ်(၁)ရပ်ကွက် မေဃဝန်အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အခြားအထွေထွေဗဟုသုတနှင့် စာဖတ်သည့် အလေ့အထများ ရရှိစေရန် ရည်ရွယ်ပြီး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲတို့ကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် အ.မ.က၊ မေဃဝန် ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်အေးအေးမိုးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ဗဟုသုတတိုးပွားရရှိစေရေးအတွက် စာပေဖတ်ရှုသည့် အလေ့အကျင့်များရရှိရေးတို့ကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား ကလေးကဗျာများ၊ ရုပ်ပြများ၊ ပုံပြင်များ၊ ကာတွန်းစာစောင်များ စသည့် ကလေးစာပေများကို ဖတ်ရှုစေခဲ့သည်။

ထို့နောက် တံတားဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးစသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆံကုန်းအခြေခံပညာမူလတန်းကျောင်းတွင်လည်း နေ့လည်ပိုင်းတွင် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဖဲပုံ)

(၄၀၉)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**သာစည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့်ကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဦးစွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ သန့်ရှင်းသောသောက်သုံးရေသုံးစွဲခြင်းရှိမရှိ၊ ကျောင်းမုန့်ဈေးဆိုင်များမှ အစားအသောက်များ သန့်ရှင်းမှု ရှိ၊ မရှိ၊ ကျောင်းအိမ်သာများ သန့်ရှင်းမှုနှင့် ဆပ်ပြာထားရှိ၊မရှိ စစ်ဆေးပြီး အသိပညာပေးခြင်း၊သောက်ရေကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်သည်။



ဆက်လက်ပြီး သာစည်မြို့မဈေးကြီး၌ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပြီး စားသောက်ဆိုင်များ သန့်ရှင်းမှုရှိစေရေး၊အများသုံးအိမ်သာများ သန့်ရှင်းမှုရှိစေရေးနှင့် လက်ဆေးဆပ်ပြာထားရှိရေးတို့ကို စစ်ဆေးအသိပညာပေးခြင်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့နယ်ရေပေးဝေရေး ရေစုကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (၄၈၇)

# ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကျေးရွာအုပ်စု၊ ခွေးကကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခွေးကကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားသည်။

ခွေးကကျေးရွာ၌ အရှည်ပေ ၅၆၀၊ အကျယ် ၁၂ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၈သိန်း၊စုစုပေါင်း ငွေကျပ် ၁၆၈ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ် ၁၀ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) နော်လူး



# ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့်တွင် ရာနှုန်းပြည့် နိုင်ပွဲရယူထားသည့် အက်စတွန်ဗီလာ

**လန်ဒန် အောက်တိုဘာ ၂၃**

အက်စတွန်ဗီလာအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့်တွင် အကောင်းဆုံး ခြေစွမ်းပြကာ ရာနှုန်းပြည့်နိုင်ပွဲရယူထားသည်။

၁၉၈၂-၁၉၈၃ ဘောလုံး ရာသီနောက်ပိုင်း ချန်ပီယံလိဂ် (အရင် ဥရောပဖလား)ပြိုင်ပွဲနှင့် ဝေးကွာခဲ့ရသည့် အက်စတွန်ဗီလာအသင်းသည် နှစ်ပေါင်း ၄၁ နှစ်အကြာတွင် ပထမဆုံးအကြိမ် ပြန်လည်ကစားခွင့်ရရှိသည့် ချန်ပီယံလိဂ်ပွဲစဉ်မှာ ရာနှုန်းပြည့် နိုင်ပွဲရယူထားခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ



ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ယန်းဘွိုင်းစ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ထိပ်သီး ကလပ်အသင်းတစ်သင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ယနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘိုလော့ညာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း နိုင်ပွဲရယူကာ ရာနှုန်းပြည့် နိုင်ပွဲရယူထားဆဲဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီမှ စတင်ကာ ပုံစံ(Format)အသစ်နှင့် ကျင်းပသည့် ချန်ပီယံလိဂ်ပွဲ အမှတ်ပေးလိဂ် အဆင့်ပွဲစဉ် ၃ပွဲ ကစားပြီး ၃ပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၉မှတ်ဖြင့် အုပ်စုဇယား ထိပ်ဆုံးနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ပြီးခဲ့သည့် နှစ်တွေက ပရီးမီးယားလိဂ်တွင် ရလဒ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရသည့် အက်စတွန်ဗီလာအသင်းသည် နည်းပြ အူနိုင်း အမ်မရီလက်ထက်တွင် လျင်မြန်စွာဖြင့် ရလဒ်ကောင်းများစွာ ရယူထားနိုင်ခဲ့သလို၊ ယခု ဥရောပ၏ အထင်ကရပွဲဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများ ရယူထားနိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းအနေဖြင့် ယခုပုံစံအတိုင်း နောက်ထပ်လာမည့်ပွဲစဉ်များကိုလည်း ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဆိုပါက အသင်းကြီးများနည်းတူ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ် ဆုဖလားကြီးကို ယှဉ်ပြိုင်စိန်ခေါ်နိုင်သွားမည်ဖြစ်သည်။

(ဝဲပုံ) နိုင်ကမ္ဘာ





# Online ရောင်းချခြင်းဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် Online ရောင်းချခြင်းဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝမ်းထွန်းနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်တို့က Online စနစ် ရောင်းချခြင်း၊မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် Online စနစ်ရောင်းချခြင်း မှတ်ပုံတင်လက်မှတ်ရရှိသူ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) ဇော်ထက်(သရက်)

# ခန္တီးမြို့တွင် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ခန္တီး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ် အထက်ပိုင်း ခန္တီးခရိုင်၊ခန္တီးမြို့တွင် အောက်တိုဘာ ၂၂ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် စာပေချစ်မြတ်နိုးသူ (Youth Club)အဖွဲ့ဝင်များက စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်သည်။

"လူငယ်တွေအတွေးအခေါ်မြင့်မားပြီး စကားပြောစွမ်းရည် ကြွယ်ဝလာစေဖို့ ရည်ရွယ်ပြီး စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်ရတာဖြစ်ပါတယ်။ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟာ ပြည်သူတွေ အသိပညာ ဗဟုသုတ တိုးပွားလာစေဖို့အတွက် အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ပြောသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ ကျော်ဝင်းဟိန်း ရေးသားသည့် နှလုံးသားယဉ်ကျေးမှု စာစုများစာအုပ်ဖြင့် ဆွေးနွေးကြရာ မောင်စိုင်းဝေထွန်းက တန်ဖိုးထား နားလည်တတ်ပါစေခေါင်းစဉ်ဖြင့်လည်းကောင်း၊ မစုမြတ်ငြိမ်းက အလုပ်သည်သာ ကိုးကွယ်ရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဖြူသွယ်အေးက အခွင့်အလမ်း ခေါင်းစဉ်ဖြင့်လည်းကောင်း အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူ (Youth Club) အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကာ လိုအပ်သည်များကို ခန္တီးခရိုင်ဦးစီးမှူးက ဖြည့်စွက်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

*** မိမိတို့အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန်လိုအပ်**

*** သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုး ဘာသာ သာသနာ ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှု အသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်**

နေပြည်တော် အောက်တိုဘာ ၂၃

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယခုကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာပြီးစီးရေးအတွက် မိမိတို့၏ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မေတ္တာ၊ စေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့်အနုပညာရှင်ကြီးများ၊ ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဂုဏ်ပြုကျင်းပသည့်အခမ်းအနားပင်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ❖